

# သစ္စာလေးချက်တစ်ပြိုင်တည်းဆိုက်ရောက်ခြင်း

## တရားတော်

(အနန္တတန်ခိုးရှင်၏ အနက်နဲဆုံးသော ပညာရပ်)

၆၄

(တရားဝင်ယောဂီသီးသန့်)

# စာအုပ်ပြုစုသူ၏ ဥပယောဂခဲ့

ဆရာတော် အရှင် ဘဒ္ဒန္တ ဇေယျပဏ္ဍိတ သည် တရားစခန်း ဖွင့်လှစ်၍ ဝိပဿနာတရား ပွားများအားထုတ်နည်းများကို ဟောကြား လျှက်ရှိရာမှ ဝိပဿနာ တရားရှုမှတ်နည်း၏ အဓိကအကျဆုံးဖြစ်သည့် **"သစ္စာလေးပါး တစ်ပြိုင်နက်ပြီးပုံ"** တရားဗွီဒီယိုတိတ်ခွေအား ဆရာတော် ၏ ဟောစဉ်အတိုင်း စာပြန်စီထားခြင်းသာဖြစ်ပါသည်။

တရားစခန်း၌ နာယူခြင်း၊ ဗွီဒီယိုတိတ်ခွေဖြင့် နာယူခြင်း တို့အပြင် စာပေ အနေဖြင့်ပါ လက်ဝယ်ကိုင်ထားပြီး စဉ်ဆက်မပြတ် နှလုံးသွင်းဖတ်ရှု လေ့လာနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

စကြဝဠာ တိုက်တစ်သောင်း၌ အနက်နဲဆုံးသော ပညာရပ်၊ အမွန်မြတ် ဆုံးသော၊ တန်ဘိုးဖြတ်၍မရနိုင်သော ပညာရပ်၊ "သုံးလောက တစ်ခွင်၊ အမြဲအစဉ်၊ လွန်စွာနက်နဲ၊ အသွင်သဏ္ဍာန်ဖြစ်မြဲ၊ အလျှင်အမြန် ကျင့်ကြမဆဲ" ဖြစ်သည့် ပညာရပ်၊ လောကနိယာမ အမှန်တရား သစ္စာလေးပါး တရားတော်ကို ဗုဒ္ဓဘုရားရှင်သည် အံ့ချီး၍မကုန်နိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဖြင့် ပိုင်းခြားသိမြင်တော်မူခဲ့၍ သာသနာ တော်၌ ဆင်းရဲလွတ်ကြောင်း အမှန်အဖြစ် ဟောကြားတော်မူခဲ့ပါသည်။

သစ္စာလေးပါး၊ မြတ်တရားအား ဉာဏ်တစ်ချက်ရှုပွားနိုင်ပါက တစ်ပေါင်းတည်း ဆိုက်ရောက်မည့်အကြောင်း လောကီမဂ်၊ လောကုတ္တရာ မဂ်၊ ဖိုလ် သို့ လမ်းကြောင်းအမှန် လွယ်ကူစွာသိမြင်၍ သံသရာမှ လွတ် မြောက်နိုင်ကြစေရန်အတွက် ရေးသားပြုစု တင်ပြရခြင်းဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

ဇေယျကျော်ခေါင်

# သစ္စာလေးချက် တစ်ပြိုင်တည်းဆိုက်ရောက်ပုံ တရားတော်

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"

## အရိယုပ္ပတ္တိ ပုစ္ဆာ

တရားစခန်းဝင်ယောဂီများအတွက် ဝိပဿနာတရားစခန်းသိမ်းမှာ သင်ကြားပေးသွားမှာကတော့ သစ္စာလေးချက် တစ်ပြိုင်နက်ဆိုက်ရောက်ပုံကို ဗုဒ္ဓစာပေကျမ်းဂန်များထဲမှ အနှစ်ထုတ်ပြီး သင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဓမ္မာစရိယ ဆရာကြီးဦးဌေးလှိုင် ရေးသားပြုစုခဲ့တဲ့ "ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ" စာအုပ်ထဲက နာဂုဏ်ငယ်၊ နာဂုဏ်ကြီး တို့ရဲ့ အရိယုပ္ပတ္တိ ပုစ္ဆာအမေးအဖြေကို ထုတ်နုတ်လေ့လာကြရမယ်။

အရိယုပ္ပတ္တိ ပုစ္ဆာသည် ရှေးစာပုရပိုဒ်တွေထဲက ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပြီး အဓိပ္ပာယ်ကတော့ အရိယာ + ဥပ္ပတ္တိ ဆိုတဲ့ ပါဠိစကားစု (၂)စု ပေါင်းထားခြင်း ဖြစ်ပါတယ်။ "မြတ်သောပုဂ္ဂိုလ်ဖြစ်ခြင်း၏အကြောင်း" ကို ဆန်းစစ်တဲ့ ပုစ္ဆာဖြစ်ပါတယ်။ နိဗ္ဗာန်ကိုမြင်၍ မြတ်သော သောတာပန်ပုဂ္ဂိုလ်မှာ ရှိသင့်ရှိအပ်တဲ့ အင်္ဂါရပ်လေးချက်ကို မေးထားခြင်းဖြစ်ပါတယ်။

အဲဒီမေးခွန်း (၄)ခုကို ဖြည်းဖြည်းမှန်မှန် ဂရုစိုက်ပြီးဖတ်ကြည့်ကြပါ -

၁။ အမောင်၊ အမောင်သောတာပန်၊ အမောင်သည် ကေန နိဗ္ဗာန်ကိုမြင်၏၊ ဟူ သော် တစ်ပါးသောအရသာကိုမြင်၍ တစ်ပါးသောအရသာကို စားရပါ၏လော။

၂။ နှစ်ပါးမှထ၍ နှစ်ပါးမှ ပြန်နိုင်ပါ၏လော။

၃။ သုံးပါးမှလွတ်၍ သုံးပါးကိုမျက်မှောက်ပြုပါ၏လော။

၄။ လေးပါးလုံးကို တစ်ခါတည်းပြု၍ လေးပါးလုံးမှ လွတ်ပါ၏လော။

"ဤသို့လေးနက် ပုစ္ဆာချက်ကို လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ ပိုင်းခြားသိထွေ ဖြေနိုင်လေမူ နေခြည်တစ်ထောင် အရောင်ထွက်သည့် ဘဝဂ်ပါရဂူ သောင်နိဗ္ဗူကို သိသူတစ်ယောက် ဖြစ်လေလောက်၍ ထက်အောက်ရပ်ခွင် တွေ့စမ်းချင်သည်

လွယ်လျှင်ဖြေဘိ ကျမ်းအရှိ" လို့ နာဂုဏ်ငယ်ရဲ့ အမေးပုစ္ဆာကို တွေ့ရမယ်။ မြင့်မြတ်သော နိဗ္ဗာန်ကိုမြင်သည့် သောတာပန်ပုဂ္ဂိုလ်အား အရည်အချင်းစစ်မေးတဲ့ ပုစ္ဆာဖြစ်ပါတယ်။

## အရိယပုဗ္ဗတ္တိပုစ္ဆာ၏ အဖြေ

နာဂုဏ်ငယ်၏အမေးကို နာဂုဏ်ကြီးက ဖြေကြားအမိန့်ရှိခဲ့တဲ့ အဖြေ (၄) ချက်ကတော့ -

၁။ ပပည့်နာဂုဏ်ငယ်- "တစ်ပါးသောအရာသာကိုမြင်၍ တစ်ပါးသောအရသာကိုစားရပါ၏လော" ဆိုရာ၌ နိဗ္ဗာန်ကိုမြင်သောသူသည် သေက္ခကျင့်ဆဲပုဂ္ဂိုလ်အား ဓမ္မရသ အသေက္ခပုဂ္ဂိုလ်အား ဝိမုတ္တိရသကို စားရမည် ငါ့ရှင်။

၂။ "နှစ်ပါးမှထ၍ နှစ်ပါးမှပြန်နိုင်ပါ၏လော" ဟုဆိုရာ၌ နိဗ္ဗာန်ကိုမြင်သောသူသည် နိမိတ္တနှင့် ပဝတ္တတို့မှထ၍ သခ်တရမ္မဏ၊ သမ္မုတိသစ္စာရမ္မဏ တို့မှ ပြန်ရမည် ငါ့ရှင်။

၃။ "သုံးပါးမှလွတ်၍ သုံးပါးကို မျက်မှောက်ပြုရပါ၏လော" ဟုဆိုရာ၌ နိဗ္ဗာန်ကိုမြင်သောသူသည် (အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်) ကာလသုံးပါးမှလွတ်၍ ကိလေသနိဗ္ဗာန်၊ ခန္ဓနိဗ္ဗာန်၊ အသခ်တနိဗ္ဗာန် သုံးပါးလုံးကို တစ်ပြိုင်နက် မျက်မှောက်ပြုရမည် ငါ့ရှင်။

၄။ "လေးပါးလုံးကို တစ်ခါပည်းပြု၍ လေးပါးလုံးမှ လွတ်ပါ၏လော" ဟုဆိုရာ၌ နိဗ္ဗာန်ကိုမြင်သောသူသည် ပရိညေယျ၊ ပဟာတဗ္ဗ၊ သစ္ဆိကာတဗ္ဗ၊ (သိ၊ ပယ်၊ ဆိုက်၊ ပွား၊ ၄ ပါးကိစ္စ) တို့ကို တစ်ချက်တည်းပြု၍ ရုပ်၊ နာမ်၊ သုခ၊ ဒုက္ခတို့မှ လွတ်ရမည် ငါ့ရှင်" ဟု ဖြေကြားတော်မူလိုက်တယ်။

အမေးပုစ္ဆာရယ်၊ အဖြေရယ်၊ ဖြေဆိုနိုင်သူရဲ့အစွမ်းကိုဖော်ကျူးထားတဲ့ "ဤသို့လေးနက်, ပုစ္ဆာချက်ကို, လက်ဝယ်တင်ထား, ပတ္တမြားကဲ့သို့, ပိုင်းခြားသိထွေ ဖြေနိုင်လေမူ, နေခြည်တစ်ထောင်, အရောက်ထွက်သည့်, ဘဝင်ပါရဂူ, သောင်နိဗ္ဗူကို

သိသူတစ်ယောက်, ဖြစ်ပေလော့က်၍, ထက်အောက်ရပ်ခွင်, တွေ့စမ်းချင်သည်, လွယ်လျှင်ဖြေဘိ ကျမ်းအရှိ" ဆိုတဲ့ လင်္ကာကိုလည်း တွေ့ရမယ်။

အဲဒီမေးခွန်း၊ အဖြေ (၄)ချက်ထဲမှာ အဓိကကျတဲ့ နံပါတ် (၃) နှင့် (၄) အချက်ရဲ့ အမေး၊ အဖြေကို အသေးစိတ်ရှင်းလင်းသင်ပြပေးသွားမယ်။

နံပါတ် (၃)ကို ဖြေကြားထားတဲ့နေရာမှာ "သုံးပါးမှလွတ်၍ သုံးပါးကို မျက်မှောက်ပြုရပါ၏လော" ဟုဆိုရာ၌ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး မှလွတ်ရမယ်၊ နိဗ္ဗာန်ကိုမြင်တဲ့သူသည် ကာလသုံးပါးမှလွတ်ပြီး ခန္ဓာနိဗ္ဗာန်၊ ကိလေသာနိဗ္ဗာန်နှင့် အသင်္ခတနိဗ္ဗာန် ဆိုတဲ့ နိဗ္ဗာန်သုံးပါးကို တစ်ပြိုင်နက်တည်း မျက်မှောက်ပြုရမယ် ဆိုတဲ့အဖြေကို အသေးစိတ်ရှင်းလင်း သင်ကြားပေးသွားမယ်။

နံပါတ် (၄) ပုစ္ဆာအဖြေဖြစ်တဲ့ (သိ၊ ပယ်၊ ဆိုက်၊ ပွား) လေးပါးကိစ္စ တစ်ခါ တည်းပြုရမယ် ဆိုတဲ့နေရာမှာ သစ္စာလေးပါးသည် တစ်ပြိုင်နက် တစ်ခါတည်းပြီးရ မယ်၊ အဲဒါမှသာလျှင် နိဗ္ဗာန်ကိုမြင်ခြင်းဆိုတဲ့ အင်္ဂါရပ်နှင့် ညီညွတ်မှာဖြစ်ပါတယ်။ အမေး-အဖြေ (၄)ရပ်သည် မိမိမြင်သောအမြင်သည် မှန်ကန်ရဲ့လား၊ မှတ်ရဲလား လို့ အဖြေကိုကိုက်ညီတဲ့ ချိန်ကိုက်နည်းအဖြစ် ဘုရားဟောတရားကျမ်းဂန်မှာ နည်းလမ်းပေးပြီးသားဆိုတာကို တွေ့ရှိကြရမယ်။

အဲဒါကြောင့် တရားဂုဏ်တော်ခြောက်ပါးမှာ နံပါတ်တစ်အဖြစ် သွာက္ခာတော ဘဂဝတော ဓမ္မော လို့ ဟောကြားခဲ့တာဖြစ်တယ်။ <u>ဗုဒ္ဓမြတ်စွာရဲ့တရားတော် မှာ ဝိုးတိုးဝါးတား ဟောကြားထားတာမရှိဘူး၊ တိတိကျကျဟောကြားထားပြီးသား ဖြစ်တယ်။ နိဗ္ဗာန်ကိုမြင်ရင် ဒီအချက်နဲ့ကိုက်ညီရမယ်၊ ကိုက်ညီလျှင် နိဗ္ဗာန်ကို မြင်တာအမှန်ဖြစ်တယ်လို့ ဗုဒ္ဓမြတ်စွာက ဟောကြားခဲ့တာဖြစ်၍ လုံးဝ လွဲမှားစရာ မရှိဘူးလို့မှတ်ကြပါ</u>။ ဆက်လက်သင်ကြားပေးတဲ့နေရာမှာ ဘုရားဟောကျမ်းဂန် တွေအရ ကျမ်းဂန်နှင့်မလွတ်စေပဲ ညှိပြီးသင်ကြားပေးသွားမှာဖြစ်တယ်။ ဆက်လက် ပြီးတော့ ဓမ္မစကြာတရားတော်ထဲကနေပြီး ထုတ်နုတ်ပြီး ဆက်စပ်သင်ကြားပေးမယ်။

မဟာစကြာတရားတော်

"ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ"




မဟာစကြာ၏ အနှစ်အား ရှာဖွေခြင်း

ဗုဒ္ဓမြတ်စွာရဲ့ [illegible]သည် သစ္စာလေးပါးကို ဟောကြားတဲ့ ဓမ္မစကြာ ဆိုတာ အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ သင်ကြားမှုကို နှလုံးသွင်းမှတ်သားနာယူ ကြပါ။ တရားဦးဟောကြားရာမှာ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ် နှင့် အရှင်အဿဇိ တို့ (၅)ဦး (ပဉ္စဝဂ္ဂီ) သာလျှင် လူပုဂ္ဂိုလ်အနေနှင့် ပါဝင်ပြီး ကျန်တရားနာပရိသတ်သည် နတ်၊ ဗြဟ္မာများသာဖြစ်တယ်လို့ မှတ်ကြပါ။ ပဉ္စဝဂ္ဂီ (၅)ဦးမှာ တရားဦးဘယ်သူရသွားသလဲဆိုရင် အရှင်ကောဏ္ဍညကြီး ဖြစ်တယ် ၅ ဦးထဲက တစ်ဦးက တရားဦးရသွားတာကို ဘုရားရှင်ရဲ့နေရာကနေ စဉ်းစားကြည့်ရင် ဝမ်းမြောက်ဝမ်းသာ ဘယ်လောက်ဖြစ်ရသလဲ၊ ပီတိဖြစ်ရမလဲဆိုတာ သိနိုင်မယ်၊ ဘုရားရှင်သည် သတ္တဝါတွေ သစ္စာလေးပါးကိုသိမြင်ပြီး နိဗ္ဗာန်ရလို့ အပါယ်လေးပါးက

လွတ်အောင်၊ သံသရာကကျွတ်အောင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဖြစ်ဖို့အရေး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အချိန်ပေးပြီး ပါရမီဖြည့်လာခဲ့ရတာဖြစ်တယ်။

အချိန်တွေမြောက်များစွာပေး၍ ပါရမီဖြည့်ခဲ့ရပြီး ဘုရားအဖြစ်ရရှိလို့ တရားဦးဟောစဉ်ကာလမှာပဲ တပည့် (၅)ဦးထဲက တစ်ဦးက တရားထူးရရှိသွားတာ သိမြင်ရတော့ ဘုရားရှင်အနေနဲ့ ဘယ်လောက်ဝမ်းသာပီတိဖြစ်မလဲဆိုတာ ခန့်မှန်းကြည့်ကြပါ။

ယခုလို (၅)ရက်တရားစခန်းဖွင့်ဖို့အတွက် ဘုန်းကြီးတို့အနေနဲ့ အချိန်တွေအများကြီးပေးရပြီး ကိုယ့်တရားစခန်းဝင်ယောဂီတွေထဲက တရားကိုသဘောပေါက်တဲ့အမူအရာကိုမြင်ရရင် အင်မတန်ဝမ်းသာပြီး မီတိစားရသေးတယ်။ ဘုရားရှင်က လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကျင့်လို့ အချိန်ပေးခဲ့ရပြီး ပထမဦးဆုံး တရားဦးဟောကြားတဲ့ကာလမှာပဲ ရှင်ကောဏ္ဍည တစ်ဦးသည် တရားပေါက်သွားတာမြင်ရတော့ များစွာပီတိဖြစ်ပွားခဲ့ရတယ်။

"တံ" ဆိုတဲ့စကားလုံးက "အကြင် အကြောင်းကြောင့်ဖြစ်ပေါ်လာသော သဘောတရားတစ်ခုရှိသည်" ကို ပြန်ညွှန်းပါတယ်။ ဤကဲ့သို့သော သဘောတရားတစ်ခုတို့သည် တစ်ခုပြီးတစ်ခု သဘောတရားပေါင်းများစွာတို့သည် အကြောင်းကြောင့်ပေါ်လာသော သဘောတရားသည်ရှိသည် လို့ "တံသဗ္ဗံ" က အဓိပ္ပာယ်ရပါတယ်။

ဥပမာအနေနဲ့ ယောဂီတစ်ဦးစီ တစ်ယောက်ချင်းတစ်ယောက်ချင်း မပြောတော့ပဲ တရားနာပရိတ်သတ်လို့ ပေါင်းခြုံပြီးပြောလိုက်တဲ့သဘောဖြစ်ပါတယ်။ "တံသဗ္ဗံ" သည် ပေါင်းခြုံ၍ သဘောတရားအားလုံးကိုခြုံ၍ ပြန်ပြီးမိန့်ဆိုလိုက်ခြင်း ဖြစ်ပါတယ်။

**"နိရောဓ ဓမ္မန္တိ"** = "ချုပ်ငြိမ်းခြင်းသဘောရှိ၏" လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါကြောင့် စာပိုဒ်ကို ဘာသာပြန်လိုက်ရင် "အကြင် အကြောင်းကြောင့် ဖြစ်ပေါ်လာသော သဘောတရားတစ်ခုသည် ရှိသည်၊ ထိုသဘောတရားသည် ချုပ်ငြိမ်းခြင်းသဘောရှိ၏၊ အကြင် အကြောင်းကြောင့်ဖြစ်ပေါ်လာသော သဘောတရားများစွာတို့သည်လည်း ချုပ်ငြိမ်းခြင်းသဘောသာလျှင်ရှိ၏" လို့ သဘောပေါက်ကြရမယ်။ ထပ်မံရှင်းပြရရင် အကြင်အကြောင်းကြောင့်ဖြစ်ပေါ်လာသော သဘောတရားတစ်ခု

သည် **ဖြစ်**ပြီးလျှင် ချုပ်ငြိမ်းခြင်းသဘောရှိသည်။ ထိုကဲ့သို့ပင် ဘယ်နှစ်ခါပဲ **ဖြစ်**ပေါ် ဖြစ်ပေါ် ချုပ်ငြိမ်းခြင်းသဘောသာလျှင် ရှိရမှာဖြစ်ပါတယ်။

ဆိုလိုရင်းအဓိပ္ပာယ်ကတော့ တရားရှုမှတ်နေတဲ့ ယောဂီရဲ့မှတ်ဉာဏ်ထဲမှာ ရှုမှတ်စရာအများကြီးရှိမနေရဘူး၊ အမျိုးအစားများစွာဖြစ်ပေါ်မနေရဘူး၊ သဘောတရားတစ်ခုထဲပဲရှိရမယ်၊ အဲဒီသဘောတရားသည်လည်း ဘယ်နှစ်ကြိမ် ဖြစ်ပေါ် ဖြစ်ပေါ် တစ်မျိုးတည်းဖြစ်ရမယ်၊ အဲဒီပေါ်တဲ့တစ်မျိုးတည်းသည်လည်း ပေါ်ပြီး ချုပ်တာပဲလို့ တွေ့မြင်ရမယ်။

ဘုရားရှင်ရဲ့ ပထမတရားဦးဟောတဲ့တရားပွဲက ပရိသတ် (၅)ဦးသာရှိပြီး တစ်ဦးကတရားကိုသိမြင်သွား၍ ဘုရားရှင်အနေနှင့် စိတ်နှလုံးထဲမှာ ပီတိဖြစ်ရာ ကနေ ပီတိအဟုန်မြင့်မားပြီး နှုတ်တော်ကနေဖွင့်ဟ၍ ဥဒါန်းကျူးရင့်တော်မူခဲ့တယ်၊ "အညာသိဝတဘော ကောဏ္ဍညော အညာသိဝတော ကောဏ္ဍညော" လို့ နှစ်ခွန်း ဆက်ပြီး ကျူးရင့်တဲ့အထိ ပီတိအဟုန်မြင့်မားခဲ့ရတယ်။ ဘုရားရှင်ရဲ့အသံတော်သည် စကြာဝဠာအနှံ့အားလုံးကြားအောင် ဟောကြားနိုင်တယ်လို့လဲ မှတ်ကြပါ။ ကျူးရင့်မှု အဓိပ္ပာယ်ကတော့ "ဘော- အချင်းတို့၊ ကောဏ္ဍညော - ကောဏ္ဍညသည်၊ အညာသိ - တရားမြင်သွားပြီ၊ အချင်းတို့ ကောဏ္ဍည တရားမြင်သွားပြီ" လို့ နှစ်ကြိမ်တိုင်တိုင် ဆက်ပြီး ဥဒါန်းကျူးရင့်၍ စကြာဝဠာတိုက်တစ်သောင်းလုံးကို ကြွေးကြော်လိုက်တယ်၊ ဓမ္မစကြာဟောကြားခဲ့တဲ့အကြောင်းကို ဘုရားရှင်က အာနန္ဒာကိုပြန်သင်ကြားပေး ရာမှာ ဥဒါန်းကျူးရင့်ခြင်းသည် ဓမ္မစကြာတရားတော်မှာ ပြန်ပြီးပါလာတယ်၊ ဓမ္မစကြာတရားရဲ့အနှစ်ကို အာနန္ဒာကမှတ်သားပြီး ဆောင်ထားတဲ့စာပိုဒ်ကတော့ "**ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ**" လို့ မှတ်ကြပါ။ ဒီစာပိုဒ်ကို သဘောပေါက်နားလည်လို့ တရားရှုမှတ်တတ်၊ ပွားများတတ်ရင်ဖြင့် တရားကိုမြင်ပြီး ဘုရားရှင်ဟောကြားကျူးရင့်ခဲ့တဲ့ အညာသိ ဖြစ်ပြီလို့ နားလည်သဘောပေါက်ကြပါ။ အနှစ်ချုပ် စာတန်းလေးကို "**ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ**" လို့ တစ်ခေါက် ထပ်ဖတ်လိုက်ကြပါ။

ပါဠိကို တစ်လုံးချင်းပြန်ဆိုတဲ့နေရာမှာတော့ နဲနဲခက်ခဲမယ်၊ အားလုံးပေါင်း ပိုက်ရင်တော့ သဘောပေါက်ကြပါလိမ့်မယ်၊ ယံ = အကြင်၊ ကိဉ္စိ = တစ်စုံတစ်ခု၊

သမုဒယမဲ့ တွဲလိုက်ရင် "အကြင် အကြောင်းကြောင့်ဖြစ်သော သဘောတရား တစ်ခုသည် ရှိသည်" လို့ အဓိပ္ပာယ်ရတယ်။ ယောဂီရဲ့မှတ်စိတ် ဉာဏ်စိတ်ထဲမှာ ရှုမှတ်စရာ မများရဘူး၊ လိုရင်းအချက်က ဒီနေရာမှာပဲဆုံးပြီလို့ မှတ်ကြပါ။

နောက်တစ်ခေါက်ထပ်ရှင်းပြမယ်၊ တရားရှုမှတ်တဲ့ ယောဂီရဲ့မှတ်စိတ် ဉာဏ်စိတ်ထဲမှာ အရှုခံတရားသည် အများကြီးမရှိရဘူး၊ တစ်ခုတည်းပဲရှိရမယ်၊ အဲဒီ တစ်ခုတည်းသည်လည်း ဘယ်နှစ်ကြိမ်ပဲပေါ်လာ ပေါ်လာ တစ်မျိုးတစ်စားတည်း ပဲဖြစ်ရမယ်၊ ပေါ်လာတိုင်းသည်လည်း ပေါ်ပြီးချုပ်တာပဲလို့ မှတ်ရမယ်၊ ဆိုလိုရင်း ကတော့ တစ်လောကလုံးကို ခြုံကြည့်လိုက်ရင် ရှုစရာတရားသည် တစ်ခုပဲရှိတယ်၊ အဲဒီတစ်ခုတည်းသောတရားကလည်း ဘယ်နှစ်ကြိမ်ပဲဖြစ်ပေါ် ဖြစ်ပေါ် တစ်မျိုး တည်းဖြစ်ရမယ်၊ ပေါ်ပြီးချုပ်ငြိမ်းခြင်းသဘောသာလျှင်ဖြစ်တယ်လို့ ရှင်းရှင်းလင်းလင်း သိရင်ဖြင့် တရားမြင်လို့ သစ္စာဉာဏ်ရပြီလို့ မှတ်လိုက်ကြပါ။

## တကယ့်အရှိနှင့် အခေါ်အရှိ ခွဲခြားခြင်း ( သမ္မုတိသစ္စာ နှင့် ပရမတ္ထသစ္စာ )

တစ်လောကလုံးမှာ ရှုစရာတစ်ခုတည်းပဲရှိရမယ် ဆိုတဲ့အချက်ကို ဆက် လက်ပြီး သင်ကြားပေးပါ့မယ်။ ဒီနေရာမှာ တစ်လောကလုံးကို ခြုံကြည့်လိုက်ကြပါ။ သက်ရှိ၊ သက်မဲ့တွေ အများကြီးရှိနေတယ်။ သက်ရှိမှာတင် ဗြဟ္မာ (၂၀)၊ နတ်ပြည် (၆)ထပ်၊ လူ့ဘုံ (၁)ဘုံ၊ အပါယ် (၄)ဘုံဆိုတော့ အများကြီးဖြစ်နေတယ်။ အဲဒီလောက် အများကြီးရှိနေတာကို သဘောတရားတစ်ခုထဲမှာပေါင်းပြီး မှတ်စိတ်ဉာဏ်စိတ်မှာ တစ်ခုတည်းပဲရှိရမှာဖြစ်တယ်၊ တစ်လောကလုံးမှာ အရှုခံသဘောတရား တစ်ခု တည်းသာလျှင် ရှိရမှာဖြစ်ပါတယ်။

ဘုရားရှင်က အမိန့်ရှိထားပြန်တာက "<u>**တကယ်မရှိတာကို ရှုလို့မရဘူး၊ တစ်ကယ်ရှိတာကိုပဲ ရှုရမယ်**</u>" လို့ ဟောကြားထားတယ်၊ တကယ်အရှိကိုရှုရမှာ၊ မရှိတာကိုရှုလို့မရဘူးလို့မှတ်ကြပါ။ အဲဒီနေရာမှာ တကယ်အရှိနဲ့ မရှိတာကို ခွဲထုတ် **ရမယ်။ ဘုရားရှင်ရဲ့ ဉာဏ်တော်**ကြီးနဲ့ သိမြင်နိုင်ခဲ့တဲ့တရားကတော့ "သမုတိသစ္စာ နဲ့ **ပရမတ္ထသစ္စာ" တရား(၂)**ပါးပဲ**ဖြစ်တယ်**။ သမ္မုတိ = သမုဒ်ခြင်းဖြစ်တယ်၊ ခေါ်ဝေါ်

နိုင်ရန်သတ်မှတ်ခြင်း၊ သမုဒ်ခြင်းသည် အခေါ်အရှိသာလျှင်ဖြစ်တယ်၊ တကယ်အရှိ မဟုတ်ဘူး၊ ပရမတ္ထသစ္စာသာလျှင် လောကမှာ တကယ်အရှိတရားသာလျှင် ဖြစ်ပါတယ်။

တကယ်အရှိနှင့် မရှိကို ရှေးစာဆိုများက လင်္ကာစာစီထားတာရှိပါတယ်။ "အခေါ်အရှိ လိုက်စားဘိ၊ ရောက်၏ပါယ်လေးရွာ" "တကယ်အရှိ လိုက်စားဘိ၊ ရောက်၏သေလွတ်ရွာ" ဆိုတဲ့လင်္ကာကို သုံးလေးခေါက်ဖတ်ပြီးမှတ်လိုက်ကြပါ။ အဲဒီ လင်္ကာအရ တကယ်အရှိနဲ့ တကယ်မရှိကို နားလည်သဘောပေါက်မှဖြစ်မယ်ဆိုတာ သဘောပေါက်ကြပါ။

## တကယ်မရှိ (သို့မဟုတ်) အခေါ်အရှိ (သမုတိသစ္စာ)

တကယ်မရှိတာနဲ့ပတ်သက်၍ "လူ" ဆိုတဲ့သတ္တဝါကို လေ့လာကြည့်မယ်၊ အခေါ်အားဖြင့် "လူ" လို့သတ်မှတ်ထားတဲ့အရာကို မေးကြည့်ပါ။ ခေါင်းကိုကိုင်ထားပြီးတော့ လူဆိုတာခင်ဗျားလားလို့မေးကြည့်ပါ။ ခေါင်းက ကျွန်တော်ဟာလူပါလို့ မပြောပါဘူး၊ ၃၂ ကောဋ္ဌာသလုံး ဘယ်နေရာကိုကိုင်ပြီးမေးမေး၊ လူပါလို့ ပြန်ဖြေတဲ့အသံ မထွက်လာနိုင်ဘူး၊ အဲဒါကြောင့် "လူ" ဆိုတာသည် အခေါ်အရှိသာ ဖြစ်တယ်၊ တကယ်အရှိမဟုတ်ဘူး၊ ပညတ်တရားလို့ခေါ်တယ်၊ **အ**ဝိဇ္ဇမာနပညတ် တရားဖြစ်တယ်။

အဲဒီနေရာမှာ "လူ့ဘဝ" ရဲ့ တကယ့်အရှိကို ရှာကြည့်ကြမယ်ဆိုရင် လူ တစ်ယောက်သေသွားလို့ အလောင်းကိုကိုင်ကြည့်မယ်၊ ကိုယ်လုံးကြီးရှိနေတော့ ကိုင်လို့ ရမယ်၊ မျက်လုံးကိုလည်းတွေ့ရမယ်၊ နားလည်းရှိနေဆဲပဲ၊ ဒါပေမဲ့ ခေါ်ရင်တော့ မကြားတော့ဘူး၊ အဆင်းပြလို့လည်း မမြင်နိုင်တော့ဘူး၊ အနံ့ပေးလို့လည်း မနံတော့ ဘူး၊ လျှာပေါ်အရသာတင်ပေးလည်း မခံစားနိုင်တော့ဘူး၊ ကိုယ်လုံးကြီးကိုသွားထိ လည်း မသိနိုင်တော့ဘူးဆိုတာ သိကြတယ်မဟုတ်လား၊ ဒွါရခြောက်ပါးမှာ ဘယ်လိုမှ အသိမပေါ်နိုင်တော့တဲ့အတွက် လူ့ဘဝမှာမရှိနိုင်တော့တာ သေချာတယ်၊ လူ့ဘဝ မှာ မရှိတော့ဘူးလို့ သတ်မှတ်ကြပေမဲ့ ကိုယ်လုံးကြီးကတော့ရှိပြီး ဘဝမရှိတော့ဘူး လို့ ပြောကြတယ်။

နောက်တစ်မျိုးစဉ်းစားကြည့်ရအောင်၊ ငါ့မှာ ကိုယ်လုံးကြီးရှိတယ်၊ ရွှေ၊ ငွေ၊ ရှိတယ်၊ အိုးအိမ်ရှိတယ်၊ ငါ့တိုင်းပြည်၊ ငါ့လူမျိုးရှိတယ်၊ ငါ့ရဲ့ကမ္ဘာရှိတယ်လို့ ထင်နေတဲ့သူ၊ အဲဒိပုဂ္ဂိုလ်သည် အိပ်ပျော်နေတဲ့အချိန်မှာ အဲဒိအရှိတရားများသည် သူနှင့်ဆိုင်ပါအုံးမလား၊ စဉ်းစားကြည့်ပါ။ အိပ်ပျော်နေတဲ့အချိန် အရှိတရားတွေနဲ့ သူနဲ့ လုံးဝမဆိုင်တော့ဘူး၊ ဘုရားရှင်ကဟောကြားခဲ့ပါတယ်။ "အိပ်ပျော်ခြင်းသည် ဘဝရဲ့ မြုံခြင်း လို့ ငါဘုရားဆိုတယ်" လို့ ဟောခဲ့ပါတယ်။

## တကယ်အရှိ (သို့မဟုတ်) အမှန်အရှိ (ပရမတ္ထသစ္စာ)

ငါ့မှာဒါရှိတယ်၊ ဟိုဟာရှိတယ်လို့ မှတ်သားထားကြတဲ့ ပုဂ္ဂိုလ်တွေမှာ ဘာကရှိတာလည်း၊ ဘယ်မှာရှိတာလည်းလို့ ဆန်းစစ်ကြည့်လိုက်ရင် "ဒွါရခြောက်ပါးမှာ အာရုံတိုက်လို့ ခန္ဓာငါးပါးပေါ်ချိန်လေးမှာ 'သိ' တာလေးသည် အရှိပဲဖြစ်တယ်"၊ အဲဒိ "သိ" တာလေးမရှိရင် ဘာမှမရှိဘူး၊ အသိလေးပေါ်နေခြင်းသည် ဘဝဖြစ်ပါ တယ်၊ တကယ်အရှိတရားသည် ခန္ဓာငါးပါးလို့ မှတ်ကြပါ။

စာဖတ်နေတဲ့အချိန် ရုတ်တရက်သေသွားခဲ့ရင် စာတွေမြင်ရမှာမဟုတ်တော့ဘူး၊ စိတ်မှာလည်း မကြံစည်နိုင်တော့ဘူး၊ ခန္ဓာငါးပါးမပေါ်နိုင်တော့တဲ့အတွက် ဘဝလည်းမရှိတော့တာကို သဘောပေါက်ကြပါ။ တစ်လောကလုံးကို ခြုံငုံကြည့်လိုက်ရင် လူတစ်ယောက်သည် အိပ်ပျော်နေပါက လောကနှင့်အဆက်အသွယ်မရနိုင်ဘူး၊ နိုးလာမှသာ အဆက်အသွယ်ရမယ်၊ ဘယ်မှာဆက်သွယ်မှာလဲဆိုရင် ဒွါရခြောက်ပါးက ဆက်သွယ်မှာဖြစ်ပါတယ်။ မနောကနေ မှန်ထောင်လိုက်တော့ (စိတ်မှာအတွေးဝင်လာတော့) ပုံရိပ်တွေပေါ်မယ်၊ ကိုယ်လုံးကြီးမှာ ဒွါရခြောက်ပါးမှာ ကာယပသာဒဆိုတဲ့ ရုပ်ခန္ဓာ၊ ဝိဉာဏ်၊ သင်္ခါရဆိုတဲ့ ခန္ဓာလေးပါးပေါင်းပြီး သိတာဖြစ်ပါတယ်၊ ထိသိစိတ်ခန္ဓာငါးပါးဖြစ်တယ်။

မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် မှာဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါး တွေကို ထပ်ပြီးလေ့လာမယ်ဆိုရင် -

| | | | |
|---|---|---|---|
| ၁။ မျက်စေ့ | ↔ အဆင်း | = မြင်သိစိတ်ခန္ဓာငါးပါး၊ မျက်စေ့ | မြင်သိစိတ် →*← အဆင်း |
| ၂။ နား | ↔ အသံ | = ကြားသိစိတ်ခန္ဓာငါးပါး၊ နား | ကြားသိစိတ် →*← အသံ |
| ၃။ နှာခေါင်း | ↔ အနံ့ | = နံ့သိစိတ်ခန္ဓာငါးပါး၊ နှာခေါင်း | နံ့သိစိတ် →*← အနံ့ |
| ၄။ လျှာ | ↔ အရသာ | = စားသိစိတ်ခန္ဓာငါးပါး၊ လျှာ | စားသိစိတ် →*← အရသာ |
| ၅။ ကိုယ် | ↔ အတွေ့အထိ | = ထိသိစိတ်ခန္ဓာငါးပါး၊ ကိုယ် | ထိသိစိတ် →*← အတွေ့အထိ |
| ၆။ စိတ် | ↔ ဓမ္မာရုံ | = ကြံသိစိတ်ခန္ဓာငါးပါး၊ စိတ် | ကြံသိစိတ် →*← ဓမ္မာရုံ |

ခန္ဓာငါးပါးကိုလေ့လာလိုက်တဲ့အခါမှာ အာရုံနှင့် ဒွါရ တိုက်တဲ့အချိန်မှာ ပေါ်တဲ့ "သိ" သဘောလေးတစ်ခုသာလျှင် တကယ့်အရှိ (သို့မဟုတ်) အမှန်အရှိ (ပရမတ္ထသစ္စာ) ဖြစ်ပါတယ်။ ပုံသဏ္ဍာန်အားဖြင့် ဘယ်လိုပဲပြောင်းပြောင်း၊ ဘဝတွေဘယ်လိုပဲပြောင်းပြောင်း၊ ဗြဟ္မာဖြစ်စေ၊ နတ်ဖြစ်စေ၊ စကြာမင်းဖြစ်စေ၊ ဧကရာဇ်မင်းဖြစ်စေ၊ သူဌေးဖြစ်စေ၊ ဆင်းရဲသားဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အပါယ်ဘုံသားပဲဖြစ်စေ၊ အာရုံ နှင့် ဒွါရ တိုက်ချိန်မှာပေါ်တဲ့ "သိ" သဘောလေးသာလျှင် တကယ်အရှိဘဝလို့ မှတ်ရမယ်။ တကယ်အရှိကိုသိရင် ရှုမှတ်ရမယ့်တရားကိုလည်း သိကြရပြီဖြစ်ပါတယ်။

ဗြဟ္မာများမှာလည်း အများဆုံး အချို့ဗြဟ္မာများဟာ ဒွါရသုံးပါးရှိပါတယ်၊ မျက်စေ့၊ နား၊ စိတ် (မနော) သုံးပါးရှိပြီး အဲဒီသုံးပါးမှာ "အသိ" လေးပေါ်နေချိန်မှာ ဗြဟ္မာလို့ခေါ်နိုင်ပြီး အဲဒီ "အသိ" လေးချုပ်သွားရင် ဗြဟ္မာလို့ခေါ်ဆိုရာ မရောက်

တော့ဘူး၊ ဖြဟ္မာဘဝလို့ မပြောနိုင်တော့တာ သိမှတ်ကြပါ။ နတ်ဘဝမှာလည်း ဒွါရ ခြောက်ပါးရှိပြီး "အသိ" ပေါ်ချိန်မှာသာ နတ်ဘဝလို့ သတ်မှတ်နိုင်တယ်။ "အသိ" လည်းမရှိတော့တာနဲ့ နတ်သက်ကြွေပြီး နတ်ဘဝဆိုတာမရှိနိုင်တော့ဘူး။

လူ့ဘဝမှာလည်း တကယ်အရှိသည် ကြားသိ၊ မြင်သိ၊ **စားသိ** နဲ့ ထိသိ၊ ကြံသိစိတ် ပေါ်ချိန်လေးပဲဖြစ်ပါတယ်။ အဲဒါသာလျှင် တကယ်အရှိဖြစ်ပါတယ်၊ "အသိ" အားလုံးသည် မနောဖြစ်တဲ့စိတ်မှာသွားပြီး လမ်ဆုံးပါတယ်၊ ကျန်တဲ့ ဒွါရ (၅)ပါးထဲက ဘယ်မှာဘဲအသိပေါ်ပေါ် မနောမှာသွားပြီးလမ်းဆုံးတယ်လို့မှတ်ကြပါ။ ထွက်ပေါက်တံခါး (၆)ခုရှိတဲ့တောင်ပို့ ဥပမာကို သင်ကြားပေးခဲ့ပြီးဖြစ်လို့ ကျန်ဒွါရ ထွက်ပေါက်တံခါးတွေပိတ်ပြီး **မနောဒွါရထွက်ပေါက်တံခါးက** စောင့်ပြီးဖမ်းရမှာ ဖြစ်ပါတယ်။

မနောဒွါရမှာပေါ်လာခြင်းသည် ပုံသဏ္ဍာန်အမူအယာသာလျှင် ပေါ်လာ **ခြင်းဖြစ်ပြီး** ပုံသဏ္ဍာန်အမူအယာကို အစိုင်အခဲထင်လိုက်ပါက သမုတ်တာပေါ်လာ မယ်၊ အထင်မှာ ဒိဋ္ဌိ ပါလာရင် ငါရယ် သူရယ်ထင်တဲ့ <u>မာန</u> ပါလာမယ်။ <u>မာန</u> ပါလာရင် ဖွဲ့စပ်ခြင်း <u>တဏှာ</u> ပါလာပြီး အခေါ်အရှိ (သို့မဟုတ်) တကယ်မရှိဟာ ပေါ်လာမယ်၊ ပညတ်ပေါ်လာတာဖြစ်ပါတယ်။ ပုံသဏ္ဍာန် ပညတ်နှင့် ၁စီပညတ် ပေါ်လာခြင်းသာဖြစ်ပြီး တကယ်အရှိတရားမဟုတ်ပဲ ကိလေသာအထင်များသာလျှင် ဖြစ်ပါတယ်။

တကယ်အရှိတရားသည် ခန္ဓာငါးပါးဖြစ်ပေါ်လို့ "သိ" သဘောပေါ်ပြီး ပျောက်ပြသွားတာပဲရှိတာဖြစ်ပါတယ်။ ဥပမာတစ်ခု ထပ်ပြီးစိတ်ကူးကြည့်မယ်ဆိုရင် သင်္ချာသဘောနဲ့ အပေါင်းအနှုတ်လုပ်ကြည့်မယ်၊ သက်ရှိလူရှင်ထဲကနေ သက်မဲ့ လူသေကောင်ကို နှုတ်လိုက်မယ်၊ လူရှင်ထဲက လူသေကောင်ကိုဖယ်လိုက်မယ်၊ ရလဒ်အဖြေက ဘာကျန်မလဲဆိုရင် "အသိ" သဘောလေးပဲကျန်မှာ ဖြစ်ပါတယ်။

<u>(သက်ရှိလူအရှင်) - (သက်မဲ့လူသေ) - "သိ" သဘော</u>

အဲဒါကြောင့် တကယ်အရှိသည် "အသိ" သဘောလေးသာလျှင်ဖြစ်ပါတယ်၊ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် မှာ ထိပြီးရမ်(အာရုံတိုက်ပြီးရင်) မနော

မှာသွားပြီး လမ်းဆုံးတယ်၊ မနောတံခါးဖွင့်လိုက်တာနဲ့ ပုံသဏ္ဍာန် အမူအယာ ပေါ်လာတာပါပဲ၊ ပေါ်လာသည့် အမူအယာသည်လည်း ပေါ်ပြီးပျောက်သွားခြင်းသာဖြစ်ပါတယ်။ ဒါပေမဲ့ အမှန်မသိလို့ အဝိဇ္ဇာဖုံးလိုက်ရင် ပညတ်လိုက်ပြီး အခေါ် အရှိ (တကယ်မရှိ) လို့မှတ်လိုက်မိပြီး အခေါ်အရှိအရ အတည်ထင်ပြီး နာမည် ပညတ်တွေပါလာပြီး မနောအာရုံမှာ ဆက်ခါဆက်ခါ ခန္ဓာငါးပါးတွေပေါ်ပြီး ရှုပ်ထွေးမှုတွေဖြစ်ပေါ်လာမယ်၊ မပြတ်တော့ပဲဖြစ်နေမယ်၊ "တကယ်အရှိကတော့ - ပေါ်ပြီးပျောက်ပြသွားတာပဲလို့ မှတ်ရမယ်"

တရားယောဂီရဲ့ဉာဏ်ထဲမှာ သိမှတ်ဖို့အတွက် ဘုရားရှင်ဟောကြားခဲ့တာက တစ်ခုပဲရှိရမယ်လို့ ဟောကြားခဲ့တာဖြစ်တယ်၊ အခုလေ့လာဆဲမှာ ဒွါရ (၆)ပါးမှာ ခန္ဓာငါးပါးပေါ်တာကိုတွေ့မြင်ရတော့ (၆)ခုဖြစ်နေတယ်၊ တစ်ခုထဲပဲရှိရမှာဖြစ်တဲ့ အတွက် ထပ်ပြီးရှာဖွေ လေ့လာကြရမယ်၊ ဘုရားရှင်က နည်းလမ်းအဖြစ်ဟောကြား ပေးခဲ့ပြီးသားကိုတွေ့ရမယ်၊ သိမှတ်စရာတစ်ခုထဲပဲရှိဖို့အတွက် အသေးငယ်ဆုံးသော အချိန်နှင့် ယှဉ်ပြီးကြည့်ရမှာဖြစ်ပါတယ်၊ အသေးငယ်ဆုံးသောအချိန်နှင့် မှတ်ရမှာ ဖြစ်ပါတယ်။ အသေးငယ်ဆုံးသောအချိန်မှာ ခန္ဓာငါးပါးသည် တစ်ခုပဲပေါ်တယ်၊ နှစ်ခုမပေါ်နိုင်ဘူး၊ နှစ်ခုမပေါ်ကောင်းဘူးလို့မှတ်ကြပါ။ ဘုရားရှင်ဟောကြားခဲ့တာက စိတ်သည် တစ်ကြိမ်မှာ တစ်စိတ်ပဲပေါ်ပြီး တစ်ပြိုင်နက်တည်း နှစ်စိတ်မပေါ်ရဘူး၊ မပေါ်ကောင်းဘူးလို့ ဟောကြားခဲ့တာဖြစ်တယ်။

စိတ်ဖြစ်ပေါ်လာခဲ့ရင်လည်း တစ်ပြိုင်နက် စေတသိတ်ကပါလာမယ်၊ ရုပ်ကိုဆွဲကိုင်မယ်၊ အဲဒါကြောင့် ခန္ဓာငါးပါးဖြစ်ပေါ်လာမယ်၊ အဲဒါကြောင့် အသေးငယ်ဆုံးအချိန်မှာ ခန္ဓာငါးပါးသည် တစ်ခုပဲဖြစ်ပေါ်ခြင်းဖြစ်ပါတယ်၊ ကျန်တဲ့ ရုပ်/နာမ် ခန္ဓာတွေမှာ ခန္ဓာငါးပါးဖြစ်ပေါ်ခြင်း လုံးဝမရှိဘူးလို့မှတ်ကြပါ။ တစ်ခုသာဖြစ်ပေါ်တယ်လို့ ဆုံးဖြတ်ချက်ချပါ။ အဲဒါဆိုရင် ရှုစရာ "တစ်ခု" တည်းပဲ ရှိတယ်ဆိုတဲ့ အဖြေကိုရရှိကြပြီလို့ မှတ်သားကြပါ။ မျက်စေ့လည်တတ်လို့ သေချာ မှတ်ဖို့လိုပါတယ်၊ ဉာဏ်ထဲမှာအချိန်ပြည့်ကြီး ရှင်းမသွားရင်လည်း လေး ငါး စက္ကန့် လောက်ရှင်းသွားရင်ပဲ ခေတ္တခဏတရားမြင်နိုင်သွားပြီလို့ သတ်မှတ်နိုင်ပါတယ်။

## ယောဂီအတွက် ၃၁ ဘုံ၌ တကယ့်အရှုခံတရားသည်ကား တစ်ခုတည်းသာရှိခြင်း

အချိန် =

ခံစားမှု =



$$\Delta = \frac{t}{s} \qquad \Delta = \text{တကယ့်အရှိခန္ဓာငါးပါး}$$

ဥပမာ - မျဉ်း (၂)ကြောင်းဆွဲပြီး ပုံသေနည်းတစ်ခုတွက်ထုတ်**တဲ့ပုံစံ**နဲ့ ထပ်ရှင်းပြပါ့မယ်၊ အချိန်ကာလကို ကိုယ်စားပြုတဲ့ လိုင်းတစ်လိုင်းဆွဲလိုက်ပါ။ နောက်ထပ် ခန္ဓာငါးပါးဖြစ်ပေါ်ပြီး ပျောက်ခြင်းကို ကိုယ်စားပြုတဲ့ လိုင်းတစ်လိုင်းကို မျဉ်းပြိုင်ဆွဲလိုက်ပါ။ ခံစားမှု ဝေဒနာကို ကိုယ်စားပြုတဲ့လိုင်းလို့လည်း သတ်မှတ်နိုင်ပါတယ်၊ အဲဒိနောက် အလျားလိုက်မျဉ်းနှစ်ကြောင်းကို ဒေါင်လိုက်ဖြတ်တဲ့ အသေးဆုံးအချိန်ကို ကိုယ်စားပြုတဲ့ လိုင်းတစ်ကြောင်းဆွဲချလိုက်ပါ။ တည့်တည့်ဆွဲချရမယ်၊ ဒေါင်လိုက်မျဉ်းနဲ့ ကန့်လန့်ဖြတ်အလျားလိုက် မျဉ်း (၂)ကြောင်းဖြတ်တဲ့နေရာ (၂)ခုကို စက်ဝိုင်းသင်္ကေတထည့်လိုက်ရမယ်၊ မျဉ်းဖြတ်ဆုံမှတ်သည် **အသေးငယ်ဆုံးအချိန်**နှင့် ခံစားမှု (ခန္ဓာငါးပါး) ကိုကိုယ်စားပြုတဲ့ အဖြေကို ရမှာ**ဖြစ်ပါတယ်**။ ဒေါင်လိုက်တည့်တည့်ဆွဲချသည့်မျဉ်းမှာ တကယ်အရှိ ခန္ဓာငါးပါးတစ်ခုကို ကိုယ်စားပြုနေခြင်း သဘောဖြစ်ပါတယ်။

အသေးငယ်ဆုံးအချိန်ပေါ်မှာမူတည်နေ၍ ဘယ်/ညာ မှာရှိ**တာတွေနဲ့** မပတ်သက်ဘူး၊ နောက်မှာရှိခဲ့တဲ့ အချိန်တွေက ကုန်ဆုံးခဲ့ပြီးဖြစ်တယ်၊ **ရှေ့မှာ ရှိမယ့်အချိန်**သည် မရောက်သေးဘူး၊ အသေးငယ်ဆုံးအချိန်ရဲ့ ခံစားမှုသ**ဘောတရား** (ခန္ဓာငါးပါးသဘောတရား) သည်လည်း နောက်မှာလည်းမရှိဘူး၊ **ရှေ့မှာလည်း မရောက်သေး**လို့မရှိဘူး၊ အသေးငယ်ဆုံးအချိန်နဲ့သာ သက်ဆိုင်တာဖြစ်**ပါတယ်**။

**တရားယောဂီရဲ့** စာဖတ်နေဆဲအချိန်မှာ စဉ်းစားလိုက်ရင် မြင်**သိစိတ်**နဲ့ စိတ်မှာဖြစ်တဲ့ ကြံ**သိစိတ်** ဒါဘဲရှိမယ်။ နောက်မှာသိခဲ့တာတွေ မရှိတော့ဘူး၊

လုံးဝပြန်လည်းမလာဘူး၊ **ရှေ့မှာလည်း** ကြိုပြီးရှိမနေဘူး... မှတ်ကြပါ။ "သိ" သဘောတွေ မတိုက်လာသေးတဲ့အတွက် ရှေ့မှာလည်းမရှိဘူးလို့ ဆုံးဖြတ်ချက်ချပြီး မှတ်သားကြပါ။

**စိတ်မှာပေါ်သော တကယ့်အရှိတရား**

စိတ်၏သဘောသည် ဟဒယရုပ်မှာမှီပြီး တစ်ကြိမ်မှာ စိတ်တစ်ခုသာ ပေါ်ပြီး တစ်ပြိုင်နက်တည်း နှစ်ခုမပေါ်ဘူးလို့ ထပ်မှတ်ကြပါ။ ပေါ်လာတဲ့စိတ်တစ်ခုသည်လည်း ပေါ်ပြီးချုပ်တယ်၊ အဲဒီလို တစ်ခုပေါ်ပြီးချုပ်တဲ့အခါမှာ ယှဉ်ဖော်ယှဉ်ဖက် စေတသိတ် (၅၂)ပါးက တစ်ပြိုင်တည်းပါလာမှာဖြစ်ပါတယ်၊ (၅၂)ပါးကို သဘောတူရာပေါင်းပြီးသတ်မှတ်လိုက်ရင် ဝေဒနာ (ခံစားမှုသဘော)သည် (၁)ပါး၊ သညာ (မှတ်သားမှုသဘော) သည် (၁)ပါး၊ သင်္ခါရ (စေ့ဆော်မှုသဘော) မှာ (၅၀)ပါး ရှိပါတယ်။ ပင်မစိတ်သည် ဝိညာဉ် (အထူးသိမှုသဘော) လို့ခေါ်တာကိုလည်း ထပ်ပြီး မှတ်လိုက်ကြပါ။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဖြစ်တဲ့ နာမ်ခန္ဓာလေးပါးသည် ပေါ်လာရင် လူမမာတစ်ယောက် ထပြီးလမ်းလျှောက်ရင် တောင်ဝှေးကိုဆွဲကိုင်ပြီးမှ စေနိုင်သလို ရုပ် - ခန္ဓာကို တစ်ပါတည်းဆွဲကိုင်တဲ့အတွက် <u>နာမ်-ခန္ဓာလေးပါး</u> နှင့် <u>ရုပ်ခန္ဓာတစ်ပါး</u> <u>ပူး</u>ပေါင်းပြီး ခန္ဓာငါးပါး ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။

ကျန်တဲ့ဒွါရ (၅)ပါးဖြစ်တဲ့ <u>မျက်စေ့</u> ဆွဲကိုင်တာက <u>အဆင်း</u> ၊ <u>နား</u> မှာ <u>အသံ</u> <u>နှာခေါင်း</u> မှာ <u>အနံ့</u> ၊ <u>လျှာ</u> မှာ <u>အရသာ</u> ၊ <u>ကိုယ်</u> မှာ <u>အတွေ့အထိ</u> တို့ ဆွဲကိုင်ပြီး ခန္ဓာငါးပါးဖြစ်ပေါ်လာတာဖြစ်ပါတယ်။ စိတ်မှာ ဓမ္မာရုံအဖြစ်ကြံစည်တဲ့အခါ မြင်ဘူး၊ ကြားဘူး၊ နံဘူး၊ စားဘူး၊ ထိသိဘူးတာတွေကို ပြန်ကြံစည်မှာဖြစ်ပါတယ်။ ကြံစည်တဲ့အတွေးဓမ္မာရုံကို ဆွဲကိုင်လိုက်တော့ ခန္ဓာငါးပါးဖြစ်ပေါ်လာမယ်၊ တစ်ပြိုင်တည်း နှစ်စိတ်မပေါ်ဘူး၊ တစ်ခုပဲပေါ်မှာဖြစ်ပါတယ်။

အသိဖြစ်ပေါ်လာတယ်ဆိုရင် ရုပ်ချည်းသိတာမဟုတ်တဲ့အတွက် နာမ် ခန္ဓာ (၄)ပါးနှင့်ပေါင်းပြီး ခန္ဓာငါးပါး တစ်ပေါင်းတည်းဖြစ်ပေါ်လာဖြစ်တဲ့အတွက် ဝိညာဉ်လို့ပြောလိုက်ရင်လည်း တစ်ပေါင်းတည်းဖြစ်တာဖြစ်၍ ခန္ဓာငါးပါးလို့ မှတ်ရမှာ

ဖြစ်ပါတယ်။ ရုပ် နှင့် နာမ် ခန္ဓာတွေပေါင်းပြီး ကောင်သွားတာကို ဘုရားရှင်က ခန္ဓာငါးပါးဖြစ်ပေါ်လာတာသည် လျှပ်စီးလက်သလို ဖျတ်ကနဲလောင်သွားတာလို့ ဟောကြားခဲ့ပါတယ်။ ပေါ်သည့် ခန္ဓာငါးပါးသည် ပျောက်ဖို့ပေါ်လာခြင်းသာဖြစ်ပြီး ပေါ်ပြီးပျောက်တာဖြစ်၍ ဘာမှအသုံးပြုလို့မရဆိုတာလည်း နားလည်ကြဖို့ လိုပါတယ်။

ခန္ဓာငါးပါးပေါ်တဲ့နေရာမှာ ပေါ်ပြီးသား အတိတ်ကာလအချိန်ဘက်က ခန္ဓာတွေရယ်၊ မလာသေးတဲ့ခန္ဓာတွေအတွက်လည်း စဉ်းစားတွေးကြည့်ဖို့လိုပါတယ်။ တရားရှုမှတ်ရမယ့်ယောဂီ**အတွက်** အရေးကြီးတဲ့အခန်းကဏ္ဍရောက်လာပြီ ဖြစ်ပါတယ်။ သေချာလေ့လာဖို့ လိုလာပြီဖြစ်တယ်၊ ယခုပေါ်ဆဲခန္ဓာငါးပါးပေးနေချိန်မှာ ယခင်ပေါ်ပြီးခဲ့တဲ့ ခန္ဓာတွေရှိသေးတယ်လို့ထင်သလား၊ မရှိတော့ဘူးလို့ ထင်သလား၊ တွေးကြည့်ကြပါ။ မြတ်ဗုဒ္ဓက ချုပ်ငြိမ်းခဲ့ပြီ၊ မရှိတော့ဘူးလို့ ဟောကြားခဲ့ပါတယ်။ "<u>အတိတ်ခန္ဓာကို အစဉ်မလိုက်ရ၊ ချုပ်ငြိမ်းပျောက်ကွယ်သွားပြီ</u>" လို့သင်ကြားပြသခဲ့ပါတယ်။

ယခုပေါ်ဆဲခန္ဓာရှိနေချိန်မှာ မရောက်သေးတဲ့အချိန်ကာလက **ခန္ဓာငါးပါး**တွေဟာ ရှိနိုင်မလား၊ မရောက်သေးတဲ့အချိန်၊ မပေါ်သေးတဲ့ခန္ဓာတွေက လုံး၀ မရှိနိုင်တာသေချာတယ်လို့ ဆုံးဖြတ်ချက်ချကြပါ။ ဗုဒ္ဓမြတ်စွာက "<u>အနာဂတ် ခန္ဓာကိုလည်း မတောင့်တ ရ၊ မပေါ်သေးဘူး</u>" လို့ ဟောကြားခဲ့ပါတယ်။

အနာဂတ် နှင့် အတိတ်တို့သည် ခေါ်ဝေါ်သတ်မှတ်ထားတာဖြစ်၍ သမုတ်အရှိသာဖြစ်ပါတယ်။ တကယ့်အရှိ မရှိဘူးလို့ မှတ်ကြပါ။ အမှန်တကယ်**မရှိ**လို့ သမုဒ်အရှိသာဖြစ်လို့ မရှိဘူးလို့မှတ်ကြပါ။

## **မဂ်စိတ်**သည် ကာလသုံးပါးလွတ်၍ **ခန္ဓာ**ချုပ်ပုံကိုမြင်ခြင်း

ပစ္စုပ္ပန်လို့ သမုဒ်ထားတဲ့ ဖြစ်ပေါ်ဆဲကာလသည်လည်း အခေါ်အရှိသာလျှင်ဖြစ်ပါတယ်။ တကယ်မရှိတဲ့သဘောတရား ဖြစ်ပါတယ်။ ပစ္စုပ္ပ**န်**ကာလ **ဖြစ်ပေါ်ဆဲ** "သိ" သဘောတရားသည် ပေါ်ပြီးချုပ်တာကို ရှုမြင်ရမှာဖြစ်ပါတယ်။ <u>ရှေ့စိတ်က ပစ္စုပ္ပန်ကာလမှာ ပေါ်ပြီးချုပ်သွားတာကို နောက်ကကပ်လျှက်ရှိတဲ့</u>

နောက်စိတ်က ချုပ်ငြိမ်းသွားတာဖြစ်ပါလားလို့ ဆုံးဖြတ်ချက်လေးရမှာ ဖြစ်ပါတယ်။ ပေါ်ဆဲခန္ဓာသည် ပေါ်ပြီးချုပ်ပြီးတာကို နောက်ကကပ်လျှက်ရှိတဲ့ စိတ်ကချုပ်သွားပါလားလို့ ကြည့်မှသာလျှင် ဘုရားရှင်ဟောကြားခဲ့တဲ့ "ရှေ့ကဖြစ်ပျက် - နောက်ကမင်" ဆိုတဲ့ တရားစကားနဲ့ ကိုက်ညီမှာဖြစ်ပါတယ်။

မဂ်စိတ်ဆိုတဲ့ မဂ်သဘောတရားသည် ပေါ်တဲ့ခန္ဓာရဲ့ ချုပ်ငြိမ်းပုံကို နောက်စိတ်ကကြည့်ပြီး ချုပ်သွားတာဖြစ်တယ်လို့ ကြံစည်ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ပေါ်တဲ့ ခန္ဓာချုပ်ငြိမ်းပျောက်သွားမှ နောက်စိတ်ကပေါ်ပြီး ကြံစည်တာဖြစ်တဲ့အတွက် တစ်ပြိုင်နက်တည်း စိတ်နှစ်ခုပေါ်တာမဟုတ်ဘူးဆိုတာ နားလည်ကြရမယ်၊ ပေါ်ဆဲခန္ဓာ ပေါ်ပြီးချုပ်တော့မှ ကပ်လျှက်နောက်စိတ်က လိုက်ပြီးချုပ်တာကို ကြံစည်တာဖြစ်တဲ့အတွက် နှစ်ခုပြိုင်ပေါ်တာမဟုတ်ပါဘူး။

နောက်စိတ်ကကြံစည်ပြီး ရှေ့စိတ်ကချုပ်သွားတာကို ရှုမှတ်ကြည့်မြင်ကြံစည်ခြင်းသည် ပေါ်ပြီးခန္ဓာကို ကြံစည်ခြင်းဖြစ်လို့ "အတိတ်ကိုရှုတယ်လို့ မယူဆပါနှင့်၊ ရှေ့စိတ်နှင့် နောက်စိတ်ကြားထဲမှာ တခြားစိတ်ကြားမခိုတဲ့အတွက် အတိတ်ခန္ဓာကိုရှုတာလည်း မဟုတ်ဘူး" လို့ မှတ်သားထားကြပါ။ သိစိတ်တစ်ခု ခန္ဓာငါးပါး ပေါ်ပြီးလို့ ချုပ်သွားတဲ့အချိန်မှာ နောက်စိတ်ကပေါ်လာပြီး ပေါ်လာတာနဲ့ ရှေ့ကိုပြန်ကြည့်လိုက်တဲ့အခါ မရှိတော့ဘူး၊ ချုပ်ငြိမ်းသွားပြီလို့ ကြံစည်လိုက်ရမှာဖြစ်ပါတယ်။

ရှေ့စိတ် ချုပ်ငြိမ်းသွားတာကို နောက်စိတ်အနေဖြင့် ရှေ့စိတ်သည် ချုပ်ငြိမ်းသွားပြီလို့ မကြံစည်ခဲ့ရင် အထည်၊ သတ္တဝါ၊ ပညတ်တွေပေါ်လာပြီး ချုပ်တာကို မတွေ့နိုင်တော့ဘူး၊ ပေါ်လာတဲ့ ခန္ဓာငါးပါးကို အခေါ်ပညတ်ဖြစ်တဲ့ ဘယ်သူ့ရဲ့ မျက်နှာ၊ ဘယ်သူရဲဗိုက်၊ နှာခေါင်း စသည်ဖြင့် ကြံစည်လိုက်ရင် ချုပ်ငြိမ်းတာမတွေ့နိုင်တော့ပဲ အခေါ်အရှိကို အမှန်ထင်ပြီး အတွေးကြံစည်စိတ်တွေ ဆက်ကာဆက်ကာ ပေါ်လာမယ်၊ ချုပ်ငြိမ်းခြင်းမတွေ့နိုင်တာ သေချာပါတယ်။ တကယ့်အရှိကို ကြံစည်မှသာ ချုပ်တာကို တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ခေါက် ထပ်မံရှင်းလင်းပြပါ့မယ်။ စိတ်တစ်ချက်ပေါ်ရင် ရုပ်ကို ဆွဲကိုင်တယ်၊ နာမ်ခန္ဓာလေးပါးက ရုပ်ခန္ဓာကို ဆွဲကိုင်တော့ ခန္ဓာငါးပါးဖြစ်ပေါ်လို့ "သိ" ဆိုတဲ့သဘောတရားတစ်ခု ပေါ်လာမယ်၊ ခန္ဓာငါးပါးပေါင်းလိုက်ရင် "သိ"

ဆိုတဲ့သဘောတရားသည် လျှပ်စီးလက်သကဲ့သို့ ပေါ်တယ်လို့မှတ်ကြပါ။ မြန်းကနဲ ပေါ်ပြီး ပေါ်ပြီးရင် သူကမြဲသလား၊ ပျောက်သလား လို့ကြည့်လိုက်**တော့** **ပျောက်** သွားတာကို တွေ့ကြရမယ်။ ပျောက်သွားပြီးမှ ကြားမခိုတဲ့ ကပ်လျှက်ဖြ**စ်ပေါ်**လာတဲ့ နောက်စိတ်က ကြံစည်ရမှာဖြစ်ပါတယ်။

နောက်စိတ်က ကြံစည်တဲ့အခါမှာ သင်္ခါရ (စေ့ဆော်မှုသဘော**တရား**) အပါး (၅၀)ထဲမှာ ပညာက ဦးဆောင်ရမှာဖြစ်ပါတယ်။ အမှန်ကြံစည်ဆုံးဖြ**တ်ရမှာ**ဖြစ်တဲ့ အတွက် ပေါ်တဲ့သဘောတရားသည် သတ္တဝါ၊ အထည်၊ အခေါ်**အရှိမဟုတ်**ဘဲ ပျောက်ပြသွားတာပါလားလို့ ပညာဦးဆောင်ပြီး အမှန်ကြံလိုက်ရင် မဂ်စိ**တ်ဖြစ်ပါ** တယ်။ တကယ့်အရှိက ပျောက်ပြသွားတာဖြစ်ပါတယ်။ ပေါ်တဲ့သဘောတရား**ကို "အထ**ည်၊ သတ္တဝါ" လို့ ယူလိုက်ရင် အဝိဇ္ဇာပညတ်ကူးလို့ အခေါ်အရှိဖြစ်သွားမယ်။ **ဒိဋ္ဌိ၊ မာန**၊ တဏှာတွေ ဆက်ပေါ်လာမှာဖြစ်ပါတယ်။

ရှေ့စိတ်ကပေါ်ပြီးချုပ်တဲ့သဘောတရားကို နောက်စိတ်ပေါ်တာနဲ့တစ်ပြိုင် နက်ထဲ ချုပ်ပျောက်သွားပါလားလို့ ကြည့်လိုက်နိုင်တယ်ဆိုရင် "မဂ်" စိတ်ဖြစ်ပါ တယ်၊ ခန္ဓာနိရောဓကို တွေ့နိုင်မှာဖြစ်ပါတယ်။

## ကာလသုံးပါးမှလွတ်ခြင်း

အချိန်ကာလလို့ သတ်မှတ်ထားကြတဲ့ အတိတ်၊ ပစ္စုပ္ပန်၊ **အနာဂတ်ကာလ** (၃)ပါးသည် ပညတ်အားဖြင့် သတ်မှတ်ထားတာဖြစ်ပါတယ်။ **ခန္ဓာငါးပါး တစ်ခု "သိ"** သဘောတရားဖြစ်ပေါ်လာတဲ့အခါမှာ ပစ္စုပ္ပန်ကာလမှာပဲ ချုပ်သွားတယ်၊ **ချုပ်**-ပျောက်သွားမှ ကပ်လျှက်နောက်စိတ်ကပေါ်လာပြီး နောက်စိတ်က ရှေ့**စိတ်ဖြစ်**တဲ့ **သ**ဘောတရားသည် ပျောက်သွားပါလားလို့ ကြံစည်လိုက်တာဖြစ်တယ်၊ ပျောက်ပြီးမှ နောက်စိတ်ကကြည့်တာဖြစ်လို့ ပစ္စုပ္ပန်မတင်ဘူးလို့မှတ်ပါ၊ အရိယာပုဂ္ဂိုလ်များသည် မှ**န်ကို**မြင်တဲ့အခါမှာ ပစ္စုပ္ပာန်ကိုကြည့်တာမဟုတ်၊ ပစ္စုပ္ပန်ကိုလွန်သွား**ပြီးစအချိန်** လေးမှာ ချုပ်ငြိမ်းပုံလေးကိုကြည့်တာဖြစ်တဲ့အတွက် ပစ္စုပ္ပန်မတင်ဘူးလို့ မှ**တ်ကြ**ပါ။

ပစ္စုပ္ပန်ကာလမှာပေါ်တဲ့ "သိ" သဘောတရား ခန္ဓာငါးပါးသည် ပေါ်ပြီး ပျောက်သွားချိန်မှ ကပ်လျှက်ဖြစ်ပေါ်လာမယ့် နောက်စိတ်က ရှေ့စိတ်သည် ပျောက်သွားပြီး၊ မရှိတော့ဘူးလို့ ကြည့်တာဖြစ်တဲ့အတွက် ပစ္စုပ္ပန်ကာလလဲလွတ်တယ်၊ မတင်ဘူးလို့မှတ်သားကြပါ။ ရှေ့စိတ်မှာ ပျောက်တာမကြည့်ပဲ အထည်၊ သတ္တဝါထင်လိုက်ရင်တော့ ပစ္စုပ္ပန်တင်သွားမယ်၊ ကာလမလွတ်နိုင်တော့တာ သေချာပါတယ်။

ဥပမာအားဖြင့် အသံတစ်ခုကိုလေ့လာကြည့်ကြမယ်။ "ဖား" လို့ပြောလိုက်တဲ့ အသံကို ကြားလိုက်ရတယ်ဆိုပါစို့၊ "ဖား" ဆိုတဲ့အသံက "နား" ကိုတိုက်မယ်၊ ပုံရပ်သဏ္ဌာန် "ဖား" က "စိတ်" မှာပေါ်မယ်၊ နှစ်ဆင့်ပေါ်ခြင်းသည် တစ်ထပ်တည်းလို များစွာလျှင်မြန်ခြင်းနှင့် ဖြစ်ပေါ်ခြင်းဖြစ်ပါတယ်။ ဖြစ်ပြီးချုပ်သွားပြီ၊ အခုနက အသိရော၊ ပုံသဏ္ဌာန်ရော မရှိတော့ဘူး၊ သူတို့ (၂)ခု ချုပ်ငြိမ်းသွားမှ နောက်စိတ်က ပေါ်လာတဲ့အချိန်မှာ ရှေ့စိတ်သည် အထည်မဟုတ်ဘူး၊ မရှိတော့ဘူး၊ ချုပ်ပျောက်သွားပြီလို့ ဆုံးဖြတ်လိုက်တာဖြစ်တယ်၊ အဲဒီလို ရှုမှတ်နည်းပညာကို မသိခဲ့ရင် ပျောက်တာကို မဆုံးဖြတ်တတ်ပဲ အဝိဇ္ဇာဖုံးလို့ "ဖား" ကြီးပဲလို့ ထင်နေပြီး မပျောက်တော့ ပဲစားဖားလား၊ ဖားကုံညင်းလား စတဲ့အတွေးများစွာ ဆက်သွားတယ်ဆိုရင် ခန္ဓာတွေဆက်ပေါ်ကုန်ပြီ။ သဘောပေါက်ကြရဲ့လား၊ ခန္ဓာငါးပါးရဲ့သဘောတရားသည် ရုပ်-နာမ် ခန္ဓာပေါင်းပြီးဖြစ်ပေါ်ခြင်း (လောင်ခြင်း) သည် ချုပ်ပျောက်ရန်သာဖြစ်တယ်လို့ အမှန်သိလို့ နောက်စိတ်ကကြည့်ပြီး ဆုံးဖြတ်ချက်ချ ရှုမှတ်ရမှာဖြစ်ပါတယ်။ "ဖား" ဆိုတဲ့အသံကြားလိုက်တာနဲ့ "နား" နဲ့ "စိတ်" မှာ နှစ်ဆင့်လောင်တာ၊ စည်တီးတဲ့ဥပမာလိုပဲကို သင်ခဲ့ပြီးသားဖြစ်ပါတယ်၊ နားမှာ ကြားသိစိတ် ခန္ဓာငါးပါး ပေါ်ပြီးချုပ်တာနဲ့တပြိုင်နက် "စိတ်" မှာလည်း "ဖား" ဆိုတဲ့ပုံသဏ္ဌာန် ကြံသိစိတ် ကပေါ်တယ်၊ စိတ် (မနော) မှာ ဖြစ်ပေါ်ချုပ်သွားတဲ့ ခန္ဓာကို မိရမှာဖြစ်ပါတယ်။ နားမှာဖြစ်တဲ့ခန္ဓာကို မမိနိုင်ဘူးကိုလည်း မှတ်သားကြပါ။

ခန္ဓာငါးပါးဖြစ်ပေါ်တဲ့ "သိ" သဘောတရားသည် အတိတ်ကာလမှာလည်းဖြစ်တာမဟုတ်၊ အနာဂတ်မှာလည်းဖြစ်တာမဟုတ်၊ ပစ္စုပ္ပန်မှာလဲမတင်ဘူးဆိုတော့က ကာလသုံးပါးကလွတ်နေပြီလို့ မှတ်သားကြပါ။ ကာလသုံးပါးက မလွတ်ခဲ့ပါက တဏှာပါလာမယ်၊ တဏှာရဲ့သဘောက ဖွဲ့စပ်ခြင်း၊ ဆွဲထားတာ၊ တွဲထားတာ ဖြစ်တယ်၊

ပေါ်လာတဲ့ ခန္ဓာငါးပုံး သဘောတရားကြီး ပျောက်မသွားပဲ ဆက်-ဆက် ထားတဲ့သဘောသည် တဏှာဖြစ်ပါတယ်၊ ချုပ်စပ်ခြင်း/ဖွဲ့စပ်ခြင်းသဘောလို့ ခေါ်တယ်၊ အဲဒီတဏှာမရှိခြင်းကို ပါဠိလို "နိ၀ါန" လို့ ခေါ်ပါတယ်၊ "နိ၀ါန" မှာ "၀" ကို "ဗ" ပြုလို့ "နိဗ္ဗာန" ဖြစ်တာလို့ ဆိုပါတယ်။ နိဗ္ဗာနကို အသတ်ထည့်သုံးတော့ "နိဗ္ဗာန်" လို့ဖြစ်လာတယ်။ တဏှာမပေါ်လာရင် နိဗ္ဗာန်မြင်ခြင်းဖြစ်ပါတယ်လို့ မှတ်ကြပါ။

တတိယမေးခွန်းပုစ္ဆာကို ပြန်ဖတ်ကြည့်ပါ၊ နိဗ္ဗာန်မြင်သောပုဂ္ဂိုလ်သည် သုံးပါးမှလွတ်ရမယ်လို့ ဆိုပါတယ်၊ ယခုထိရိုင်းပြခဲ့တာ ကာလသုံးပါးလွတ်ပြီလို့ ဆုံးဖြတ်ချက် ခိုင်မာရှုရဲ့လား၊ ကာလသုံးပါးမှလွတ်ခြင်းကို သဘောပေါက်ကြပြီ မဟုတ်လား၊ ဖြစ်ပျက်ရှုမြင်ရင် နိဗ္ဗာန်ပေါ်ပြီ၊ ရှေ့ကဖြစ်ပျက် နောက်ကမင် လို့ သင်ပြီးကတည်းက "ဝိပဿနာမင် ကတည်းကိုက နိဗ္ဗာန်ပေါ်နေပြီ" ဖြစ်ပါတယ်။ ယောဂီ မင်အဆင့်ဖြစ်လို့ လောကုတ္တရာမင်အဆင့်နဲ့ပေါ်ဖို့ ဆက်ပြီးအားထုတ်ဖို့လည်း အမိကကျတယ်လို့ မှတ်ခဲ့ကြပါ။

သမုတိသစ္စာလည်း အစွဲမနာပါစေနဲ့၊ ပရမတ္ထသစ္စာလည်း နယ်မကျော်ပါစေနဲ့ ။

ကာလသုံးပါးမှလွတ်ခြင်းကို လေ့လာခဲ့ပြီး ရှေ့ဆက်လေ့လာကြမယ်၊ တစ်လောကလုံးကို ခြုံကြည့်လိုက်ရင် မိမိရဲ့ "သိ" သဘောတရားသည် ပြီးခဲ့တဲ့ကာလတွေမှာ ပေါ်သမျှအားလုံး ချုပ်ခဲ့ပြီ၊ မရှိတော့ဘူး၊ အာရုံနှင့် ဒွါရတိုက်လို့ ဖြစ်ပေါ် ပြီး ချုပ်သွားတာတွေဖြစ်တယ်၊ ရှေ့ကာလမှာတော့ အာရုံ-ဒွါရ မတိုက်သေးလို့ မပေါ်လာသေးဘူး၊ ရေးပြမထားသေးတဲ့ စာသားတွေဖတ်ချင်လို့ (သို့မဟုတ်) တရားစခန်းမှာ ဘုန်းကြီးမပြောသေးတဲ့စကားတွေ ကြားချင်လို့ ရနိုင်ပါ့မလား၊ မပြောသေးတဲ့အတွက် အသိမပေါ်သေးလို့ အာရုံနဲ့ ဒွါရမတိုက်သေးလို့ ကြိုပြီး သိနိုင်တဲ့သဘောလုံးဝမရှိပါဘူး။

ယခုအချိန် ဘုန်းကြီးကဆက်ပြီးပြောလိုက်ရင် အသစ်အသစ်တွေလောင်လို့ ပေါ်လာပြီ၊ "သိ" သဘောတရားတွေလောင်ပြီးပျောက်သွားပြီ၊ လောင်ရင်းနဲ့ နောက်မှာမကျန်ခဲ့ဘူး၊ ရှေ့မှာလည်း ကြိုပြီးရှိမနေတာ ထောချာပါတယ်။ ဒီနေရာလေးမှာ နားရှုပ်တတ်လို့၊ မရှင်းမလင်းဖြစ်တတ်ကြလို့ သေချာနားလည်ဖို့လိုအပ်ပါတယ်။

နောက်မှာလည်းမကျန်ခဲ့ဘူး၊ ချုပ်ပျောက်သွားပြီ၊ ရှေ့မှာလည်းမဖြစ်ပေါ်သေးတဲ့အတွက် မရှိဘူးလို့ မှတ်ကြပါ။ အဲဒီအသိပညာက အရေးကြီးတဲ့အတွက် သေချာမှတ်သားဖို့ တိုက်တွန်းပါတယ်။

ဒီနေရာမှာ ဗုဒ္ဓမြတ်စွာဘုရားရဲ့အပေါ်မှာ ကြည်ညိုသဒ္ဓါတရား ပိုမိုတိုးပွားနိုင်စေရန်အတွက် သမိုင်းကြောင်းကို ပြန်လေ့လာကြရအောင်၊ ဘုရားရှင်လက်ထက်မြတ်ဗုဒ္ဓသည် ဒုတိယဝါကပ်ခြင်းကို ဗိမ္ဗိသာရမင်းကြီးရဲ့ ရာဇဂြိုလ်ပြည်၊ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူခဲ့တယ်၊ အဲဒီအချိန်မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဘုရားရှင်ကို ကိုယ့်ရဲ့သားပါလို့ ကိုယ်တိုင်ပြုစုချင်လို့ အမတ်တစ်ထောင်နဲ့သွားရောက်ပင့်စေခဲ့တယ်။

အမတ်တစ်ထောင်သည် ရာဇဂြိုဟ်ပြည်ကိုရောက်တဲ့အခါမှာ ဘုရားရှင်ကတရားပွဲကျင်းပနေဆဲဖြစ်တဲ့အတွက် ဝင်ရောက်ပြီးတရားနာကြတယ်။ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဘုရားသခင်က တရားပွဲတိုင်းမှာ တစ်ထိုင်တည်း၊ တစ်ပွဲတည်း တရားနာပရိတ်သက် တရားပေါက်လာအောင် ဟောကြားနိုင်တယ်၊ ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးမားပုံကို သဒ္ဒါတရားတိုးနိုင်ကြဖို့ သင်ကြားပေးနေတာဖြစ်ပါတယ်။ အဲဒီတရားပွဲမှာ အမတ်တစ်ထောင်သည် အားလုံး သစ္စာဉာဏ်မြင်ပြီး ရဟန်းပြုသွားကြတယ်။

သစ္စာဉာဏ်ဝင်ပြီးပေါ်တဲ့သဘောတရားသည် သတ္တဝါအထည်လည်းမဟုတ်ဘူး၊ ယခုလောလောဆယ် ပစ္စုပ္ပန်ကာလမှာပဲပေါ်ပြီး ပျောက်တာပဲရှိတယ်၊ အတိတ်ဆိုတာ သမုတ်ထားတာ အမှန်တကယ်မရှိဘူး၊ အနာဂတ်ဆိုတာလည်း မရှိဘူး၊ တွေးသမျှလည်း အခုတွေးလို့ အခုပေါ် အခုပျောက်ပြသွားတာပဲဖြစ်တယ် လို့တရားပေါက်သွားကြတဲ့ အမတ်တစ်ထောင်အနေနဲ့ လောကီကိစ္စအားလုံးဖြတ်၍ရဟန်းပြုသွားကြတယ်၊ တရားနဲ့ပဲမွေ့လျော်နေတော့ ဘုရားရှင်ကိုပင့်ဖိတ်ဖို့ကိစ္စမလျှောက်ထားဖြစ်ကြတော့ဘူး။

ဒီနေရာမှာ ယခုတရားစခန်းပွဲကာလမှာပဲ စဉ်းစားကြည့်ကြမယ်၊ နံနက်စောစောမှာ ပရိတ်သတ်အားလုံး ဘာတွေစားခဲ့သောက်ခဲ့လည်း၊ ပြန်တွေးကြည်ပါ။ ပြန်တွေးတော့ ပေါ်မလာဘူးလား၊ ပေါ်လာမယ်၊ ပေါ်လာတာသည် နံနက်စောစော[illegible] အတိတ်ဖြစ်တယ်ဆိုရင် မှားမယ်၊ အခုတွေးလို့ အခုပေါ်လာတာဖြစ်ပါတယ်၊

အတိတ်ဆိုတာက ရှိကိုမရှိတာဖြစ်တယ်၊ အတိတ်ကိုအစဉ်မလိုက်ရ၊ မတွေးရဆိုတာကလည်း ရှိနေတဲ့အတိတ်ကို မတွေးခိုင်းတာမဟုတ်ဘူး၊ ရှိကိုမရှိလို မတွေးခိုင်းတာ၊ မရှိတဲ့အရာဖြစ်၍ တွေးလို့ကိုမရတာလို့ မှတ်ကြပါ။ ရှိကိုမရှိလို့ တွေးလို့လဲမရဘူး၊ "အတိတ်" ရှိတယ်လို့ထင်တာ အမှားဖြစ်တယ်၊ ရှိကိုမရှိဘူးလို့ ဆုံးဖြတ်ချက်ချပါ။ လုံးဝမရှိဘူးလို့မှတ်ပါ။

မနေ့က ကိုယ်အိပ်ခဲ့တဲ့အမူအရာကို တွေးလိုက်ပါ။ တွေးလိုက်ရင် သမုတ်ထားခဲ့တဲ့တရားတွေကြောင့် ပေါ်လာမယ်၊ ဒါပေမဲ့ အဲဒီအမူအရာတွေသည် မနေ့က အမူအရာတွေဟုတ်ရဲ့လားလို့ စဉ်းစားကြပါ။ အခုတွေးလို့ အခုပေါ်တဲ့ ရုပ်နာမ်တရားသာဖြစ်တယ်၊ အတိတ်မဟုတ်တဲ့အတွက် အတိတ်သည် လုံးဝမရှိဘူး၊ လုံးဝမရှိတဲ့အတွက် အတိတ်ကိုတွေးလို့မရဘူးလို့ ဆုံးဖြတ်ချက်ချရမယ်။

"ရှိနေတဲ့အရာကို ရှိရဲ့သားနဲ့ တွေးလို့မရဘူး မတွေးနဲ့လို့တားမြစ်ရင် တစ်မျိုးဖြစ်မယ်၊ အဲဒါဆိုရင် မတွေးနဲ့ ဆိုတာကရှိရဲ့သားနဲ့ မတွေးခိုင်းတာကျမယ်၊ အဲဒီလိုမဟုတ်ပါဘူး၊ ရှိကိုမရှိလို့ တွေးလို့ကိုမရလို့ အတိတ်လို့မထင်ပါနဲ့လို့ ပြောတာဖြစ်ပါတယ်" သဘောပေါက်ကြရဲ့လား၊ ဆုံးဖြတ်ချက်ချနိုင်ကြဖို့လိုပါတယ်၊ ယခု တွေးလို့ ယခုပေါ်တာကို အတိတ်လို့သမုတ်ထားလို့ အတိတ်လို့ထင်တာ အမှားကြီး ဖြစ်ပါတယ်၊ "သမုတ်ထားတာကို စိတ်ကအစွဲနာလာပြီးတော့ အတိတ်ထင်သွားတာ သာဖြစ်ပါတယ်"။ သမုတ်တာကို အစွဲနာတာဖြစ်ပါတယ်။

အဲဒါကြောင့် သမုတိသစ္စာ အစွဲမနာပါစေနဲ့လို့ ဟောကြားပေးကြတာ ဖြစ်ပါတယ်။ "သမုတိသစ္စာလည်း အစွဲမနာပါစေနဲ့ ပရမတ္ထသစ္စာလည်း နယ်မကျော်ပါစေနဲ့" ဆိုတဲ့စကားကို အလေးထားမှတ်သားကြပါ။ အမှန်တကယ် တရားရှုကွက်မှာ သမုတ်တဲ့စကားမရှိဘူး၊ အတိတ်ဆိုတာ ရှိကိုမရှိလို့ တွေးလို့လဲမရဘူး၊ အခုတိုင်တွေးခဲ့ရင် အခုပေါ်တဲ့ ရုပ်-နာမ်ပဲရှိမယ်၊ အတိတ်မဟုတ်ဘူး၊ အတိတ်လို့ သမုတ်ထားတာကို အတိတ်ဟာမှားတယ်လို့ မှတ်ကြပါ။

အနာဂတ်ကာလအတွက်လည်း တွေးကြည့်ကြမယ်၊ တရားပွဲပြီးရင် "နေခင်းအိမ်ပြန်ထမင်းစားမယ်" လို့ တွေးလိုက်တော့ အမူအရာပေါ်လာမယ်၊ ပေါ်လာတဲ့အမူအရာသည် အခုပေါ်တဲ့ ရုပ်-နာမ်ပဲ အနာဂတ် လုံးဝမဟုတ်ဘူး၊ သမုတ်ထားတဲ့

လူ့တော်သနစ္စာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ၂၇၆၃၂
ကမ္ဘာအေး၊ ရန်ကုန်။

အနာဂတ်ဖြစ်၍ အနာဂတ်လည်းမရှိဘူး၊ တွေးလို့လဲမရဘူး၊ နိယာမတရားကိုက အနာဂတ်မရှိတာဖြစ်၍ တွေးလို့မရဘူးလို့ ဆုံးဖြတ်ချက်ချကြပါ။ အတိတ်၊ အနာဂတ် မရှိတာကို အမှန်ဆုံးဖြတ်နိုင်ပြီး ဆုံးဖြတ်ချက်ကျရင် အမှန်မြင်တဲ့သစ္စာဉာဏ်ဖြစ်ပြီ လို့ မှတ်ကြပါ။

ပရိတ်သတ်အားလုံး ယက်ရှိထိုင်နေရင်း မနေ့ညကအိပ်ခဲ့တဲ့အကြောင်း ပြန်တွေးမယ်၊ အမူအရာပေါ်လာမယ်၊ ပေါ်လာတာသည် အခုပေါ်တဲ့ ရုပ်-နာမ်ပဲ ဖြစ်ပါတယ်၊ အခုပေါ်တာဖြစ်၍ အတိတ်က ရုပ်-နာမ်ခန္ဓာ လုံးဝမဟုတ်ပါဘူး။ အခု ပေါ်ရင်းနဲ့ ပျောက်တာပဲရှိတယ်၊ အတိတ်ခန္ဓာကို တွေးလို့လဲမရ၊ သမုတ်အရှိသာ ဖြစ်ပြီး တကယ့်အရှိမဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချပါ။ မနက်ဖြန် နံနက်စောစော ထမယ် တွေးရင်လည်း အခုတွေးလို့ အခုပေါ်တာပဲဖြစ်ပါတယ်၊ မနက်ဖန်ရဲ့ခန္ဓာ မဟုတ်ပဲ သမုတ်ထားချက်သာ ဖြစ်ပါတယ်၊ အခုတွေးလို့ အခုပေါ်ပြီး ပျောက်တာပဲ ရှိပါတယ်။ အတိတ်၊ အနာဂတ် လုံးဝမရှိဘူးလို့ အသိကပ်ထားရမှာဖြစ်ပါတယ်။

အဲဒီအသိတွေကို "အလုပ်ခွင်မှာသုံးပါ၊ လောကသမုတိနယ်မှာ သွားမသုံး နှင့်၊ မနက်ဖြန်မရှိဘူးလို့ နယ်ကျော်မသွားပါစေနှင့်" လောကီနယ်ပယ်မှာ အားလုံး သမုတ်တာတွေသာဖြစ်တယ်လို့ မသုံးဖို့နားလည်ကြရမယ်၊ အဖေဆိုတာ သမုတ် တရားဖြစ်လို့ မရှိဘူးသွားမလုပ်ပါနှင့်၊ အမေမရှိဘူးလို့ သွားမလုပ်ပါနှင့်၊ ယောကျ်ား မိန်းမမရှိဘူးလို့ သွားမလုပ်ပါနှင့်၊ နယ်မကျော်ရတာကို သဘောပေါက်ထားရမယ်၊ အသိပညာဖြစ်တဲ့ ပရမတ္ထသစ္စာတရားကိုရှုလျက် အလုပ်ခွင်မှာပဲသုံးစွဲဖို့ သိနေရမယ်။ လောကီနယ်မှာသုံးတဲ့အခါ နယ်ကျော်ပြီးမသွားဖို့လိုပါတယ်၊ တချို့က နယ်ကျော်လို့ မှားကုန်ကြတာတွေ အများကြီးတွေ့ရတယ်။

တကယ့်အရှိကို တရားရှုမှတ်တဲ့ဉာဏ်ထဲမှာသာ အသုံးချရမှာဖြစ်ပါတယ်၊ လောကီနယ်ပယ်ဖြစ်တဲ့ လူလောကမှာတော့ သမုတိသစ္စာကို သုံးရမှာဖြစ်ပါတယ်။ ယောကျ်ား၊ မိန်းမ အခေါ်အဝေါ်သုံးရမယ်၊ ရိုသေမှုရှိရမယ်၊ အရှက်အကြောက် ရှိရမယ်၊ တချို့မှားနေတာတွေ ရှိနေကြတယ်၊ ဘုန်းကြီးတို့ငယ်ငယ်က တွေ့ကြုံခဲ့ ရဘူးတယ်၊ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဆရာတော်က တပည့်တွေကို ပရမတ္ထ သစ္စာသဘော ဆုံးမသင်ပြထားတော့ တပည့်အချင်းချင်းရန်ဖြစ်တာကိုမြင်ပြီး

ဆရာတော့်ကို ဘယ်လိုလျှောက်သလဲဆိုရင် "ခေတ်ကောင်း ခေတ်ကောင်းချင်းရိုက်ကြတာ၊ အာပေါတွေယိုစီးကုန်ပြီဘုရား" လို့ ကြားခဲ့ဘူးတယ်၊ ယောကျ်ား မိန်းမ မရှိဘူး၊ ခေတ်ကောင်တွေသာဖြစ်တယ်လို့ လောကနယ်ပယ်အထိ နယ်ကျော်လွန် တာ တွေ့ဘူးတယ်။

နယ်ကျော်တာနဲ့ပတ်သက်လို့ တချို့က သက်သတ်လွတ်စားတယ်၊ အရက်နဲ့ ပဲကြီးလှော်အမြည်းနဲ့သောက်တယ်၊ အရက်ကအာပေါ့ဖြစ်တဲ့အတွက် သက်သတ်လွတ်ဆိုပြီး နယ်ကျော်တဲ့လုပ်ရပ်သာဖြစ်ပါတယ်။ တချို့နယ်ကျော်တဲ့နေရာမှာ ကိုယ့်အိမ်မှာတောင် ဘုရားစင်မထားတဲ့အထိဖြစ်ကြတယ်၊ အဲဒီလိုမလုပ်သင့်ဘူး၊ နယ်မကျော်မိဖို့ သတိထားကြပါ။

ဗုဒ္ဓဘုရားရှင်သည်ပင်လျှင် နယ်မကျော်တာကို တွေ့ရပါတယ်။ ကျေးဇူးရှင် မိထွေးတော်ဂေါတမီ ခန္ဓာဝန်ချတဲ့အခါမှာ ကိုယ်တော်တိုင် ဈာပနပွဲကျင်းပပူဇော်ပေးခဲ့တယ်၊ လိုအပ်တာတွေ ဆောင်ရွက်ပေးခဲ့တာဖြစ်တယ်၊ တရားပွဲကျင်းပနေတဲ့ အချိန်မှာ ပရိတ်သတ်အများကြီးရှိတယ်၊ ဘုရားရှင်က ပရိတ်သတ်နေရာယူတဲ့ နေရာမှာ ရှေ့မှာက ရှင်ဘုရင်၊ မှူးမတ်တွေ၊ သူဌေးတွေရှိတယ်၊ နောက်မှာက သူဆင်းရဲတွေရှိနေတာကို ဆင်းရဲသားတွေရှေ့ကိုတက်လာ၊ ရှင်ဘုရင်နဲ့သူဌေးတွေ နောက်ဆုတ်ပြီးတရားနာလို့ မပြောခဲ့ဘူး၊ နယ်ကျော်ပြီးမညှိခဲ့ဘူး၊ ညှိလိုက်ရင် ပြောင်းပြန်တွေဖြစ်ကုန်မှာဆိုတော့ သူ့ကံနဲ့သူဖြစ်ပေါ်တာကို ဒီအတိုင်းထားပြီး နယ်မကျော် ခဲ့ဘူး။

တပည့်သားရဟန်းတွေ နယ်ဝေးကကြွလာတာတွေ့ရင်လည်း ဘုရားရှင်က "ချစ်သားဘယ်ကလာသလဲ" "ကျန်းမာရဲ့လား" "စားရေးဝတ်ရေးအဆင်ပြေရဲ့လား" လို့မေးပါတယ်။ တချို့ကတော့ နယ်ကျော်ပြီးစကားမပြောပဲ ငြိမ်နေတယ်၊ ဝစီပိတ်နေတယ်၊ ရင်ထဲမှာတော့ အတွေးစကားတွေဗွက်ထနေပြီး ပါးစပ်ကသာမပြောပဲ နေတာဖြစ်တဲ့အတွက် အဲဒီလိုအပြုအမူကလည်း မမှန်ကန်ဘူး၊ နယ်ကျော်နေတယ်၊ နေကောင်းကြရဲ့လား၊ အဆင်ပြေကြရဲ့လား မေးမြန်းပြီး ပြုံးပြုံးရွှင်ရွှင်ဆက်ဆံရမှာဖြစ်ပါတယ်။

တချို့သောသံဃာများသည် လာဘ်လာဘငဲ့ပြီး သံဃာကလိုက်၍ လိုက်လိုက်လျောလျောဆက်ဆံမလုပ်ရဘူးဆိုတဲ့ စာမှာပါတာကို အဓိပ္ပာယ်အကောက်

လွဲသွားပြီး ဒကာတွေလာရင် စကားမပြောဘဲ ခပ်တည်တည်နေကြတယ်၊ နှုတ်မဆက်ဘူး၊ ကန်တော့မှနှုတ်ဆက်တယ်၊ ဘုရားရှင်သည်ပင် ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်တဲ့အတွက် မေတ္တာစိတ်အပြည့်နဲ့ စိတ်ကြည်လင်အောင် ဒကာတွေကိုပြောကောင်းပါတယ်၊ နှုတ်ဆက်ကောင်းပါတယ်၊ ဒါပေမဲ့ လာဘ်လာဘအတွင်ငဲ့ပြီး တမင်သက်သက်ဖားတာမျိုးတော့ မလုပ်ရဘူးပေါ့၊ နယ်မကျော်ရဘူး မှတ်သားထားကြပါ။

အလုပ်ခွင့်မှာတော့ တစ်ကယ့်အရှိ ပရမတ္ထသစ္စာကို ရှင်းရှင်းလင်းလင်းသိနေရမှာဖြစ်ပါတယ်။ တစ်ယောက်တည်းရှုပြီဆိုလို့ရှိရင် ကာလတကယ်မရှိရတော့ဘူး၊ ပေါ်လာတဲ့ "သိ" သဘောလေးက "ကျွန်တော်ပစ္စုပ္ပန်" လို့ အော်မသွားဘူး ပေါ်ပြီးရင် မြဲမလား၊ ပျောက်မလား၊ ပျောက်သွားမယ်၊ ချုပ်ငြိမ်းပြသွားမှာဖြစ်တဲ့အတွက် ယခုပစ္စုပ္ပန်လည်းမတင်ဘူး၊ ပေါ်ပြီးပျောက်သွားတာကို နောက်စိတ်က အမှန်ကြံစည်ရမယ်၊ ရှေ့စိတ်ချုပ်ပျောက်သွားတာကိုကြည့်ပြီး ပျောက်သွားတာပါလားလို့ ဆုံးဖြတ်ချက်ချလိုက်တာသည် အမှန်ကြံစည်တာဖြစ်တယ်၊ ရှေ့စိတ်က ချုပ်မှ နောက်စိတ်ပေါ်တာသည် အမှန်ကြံတာဖြစ်တယ်၊ "ရှေ့ကဖြစ်ပျက်၊ နောက် ကမင်" ဆိုတဲ့စကားနဲ့အညီ သွားရမှာဖြစ်တယ်၊ (အသစ်အသစ်ပေါ်ပြီး ပျောက်သွား သမျှမှာ အသစ်အသစ်နောက်ကနေ ချုပ်ငြိမ်းပါတယ်) လို့ ကြည့်တဲ့အခါ ရှေ့က ဖြစ်ပျက် နောက်ကမင် နဲ့ညီမယ်၊ အဲဒါဆိုရင် ကာလသုံးပါးက လုံးဝလွတ်ပြီ၊ ဉာဏ် ထဲမှာ အမြင်ရှင်းကြရဲ့လား၊ စကားပြေဆဲ၊ တွေးဆဲ၊ ကြားဆဲကာလပဲရှိတယ်။ နောက် မှာ ရှေ့မှာမရှိဘူး၊ ရှိတယ်ထင်ရင်မှားမယ်။

တွေးရင်းပျောက်တာပဲရှိမှာဖြစ်တယ်၊ တွေးလိုက်-ပျောက်သွားမှာပဲ၊ သဘောပေါက်ကြရဲ့လား၊ အဲဒါဆိုရင် တကယ်ရှိတာသည် ခန္ဓာငါးပါးက အသေးဆုံးအချိန်မှာ တစ်ခုပဲရှိတယ်၊ တစ်ခုပေါ်-တစ်ခုပျောက်ပဲရှိတယ်၊ အဲဒါကို မိုးကုတ်ဆရာတော်ကြီး ဖွားသေ-သေတယ်လို့ ခေါ်ဝေါ်ခဲ့တယ်။ အခုမွေး-အခုသေပဲလို့ နားလည်ကြပါ။ ဒီမှာတင်ပေါ် ဒီမှာတင်ပျောက်ဖြစ်လို့ ဖွားသေ-သေတာဖြစ်တယ်၊ သေပြနေတာပဲရှိတယ်၊ အဲဒါကို အပြီးသတ်သေတယ်လို့ခေါ်တယ်၊ ဘဝတစ်ခုလုံးအပြီးသတ်သေသွားတာဖြစ်တယ်လို့ နားလည်ကြရမယ်၊ သေချာစဉ်းစားကြပါ၊ ဘဝအစိတ်အပိုင်း

တစ်ခုသေသွားတာမဟုတ်ဘူးနော်၊ ဘ၀တစ်ခုလုံးသေတာဖြစ်ပါတယ်၊ အဲဒါမြင်နိုင်ရင် စဉ်းစားကြည့်နိုင်ပြီဆိုရင် တရားကိုလိုက်နိုင်ပြီလို့ မှတ်ကြပါ။

ဥပမာတစ်ခုနဲ့ ထပ်ရှင်းပြမယ်၊ လူတစ်ယောက်သည် သမုတိသစ္စာအားဖြင့် တကယ်သေမယ်ဆိုတဲ့အခါမှာ လူတစ်ယောက်ကို ဆရာဝန်ကစမ်းသပ်ဆေးစစ်ပြီး "ခင်ဗျားဟာ ခုနစ်ရက်ပဲအသက်ရှင်တော့မယ်" လို့ပြောလိုက်ရင် အဲဒီလူအတွက် ခုနစ်ရက်အတွင်း အချိန်တွေနဲ့ပဲဆိုင်တော့မယ်၊ ခုနစ်ရက်ရဲ့ ဟိုဘက်ကအချိန်တွေနဲ့ မဆိုင်တော့ဘူး၊ ခုနစ်ရက်မတိုင်မီ အချိန်နဲ့ရော၊ လွန်ပြီးဟိုဘက်ကအချိန်နဲ့ရော မဆိုင်တော့ဘူးလို့ မြင်ကြတယ်မဟုတ်လား၊ အဲဒီဥပမာလိုပဲ တကယ်သေခြင်းတရားကိုမြင်သော ပုဂ္ဂိုလ်များသည် နောက်ကာလအတိတ် နဲ့ ရှေ့ကာလအနာဂတ်ကို တွေးစရာမလိုတော့ဘူး၊ ယခုတကယ်သေတာဖြစ်သောကြောင့် ယခုရှုဆဲမှာပဲ အပြီးသေနေတာဖြစ်တယ်၊ ရှေ့လဲမလိုတော့ဘူး၊ နောက်လဲမလိုတော့ဘူး။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ခမည်းတော်က ပင့်ဖိတ်ဖို့လွှတ်လိုက်တဲ့ အမတ်တစ်ထောင်ရဲ့အကြောင်းကို ဆက်ပြောရမယ်ဆိုရင် ယခုပေါ် ယခုပျောက်၊ ဖွားသေ-သေတာကို ရှင်းရှင်းမြင်သွားတဲ့အခါ အမတ်တစ်ထောင်သည် တရားနာရင်း နာရင်းနဲ့ ရှေ့ နောက် ပြတ်သွားတယ်၊ သတ္တဝါအထည်လဲပျောက်သွားတယ်၊ ပျောက်သွားတဲ့အတွက် ဖြစ်လာရမယ့်ကိစ္စတွေလည်း ပေါ်မလာတော့ဘူး၊ တွေးလိုက်ပြန်လည်း ရှင်ဘုရင်လို့မရှိတော့ဘူး၊ ဘုရင်မင်းကြီးက ပင့်ခိုင်းလိုက်တယ်ဆိုတဲ့ အတွေးကို တွေးလိုက်ရင်လည်း ပေါ်ပြီးပျောက်ပျောက်သွားတာကိုသာ မြင်နေရလို့ စကားဖြစ်မလာတော့ဘူး၊ ပရမတ္ထသဘောက စကားမပြောဘူးလို့ မှတ်ကြပါ။ အတိတ်လည်းမဟုတ်၊ အနာဂတ်လည်းမဟုတ်ဆိုတော့ ပျောက်သွားတာဖြစ်တဲ့အတွက် တရားနာရင်း အေးအေးဆေးဆေးနဲ့ပဲ ရဟန္တာဖြစ်သွားတယ်၊ ကိစ္စအားလုံးနဲ့ ပြတ်သွားတာဖြစ်တယ်၊ ရဟန်းကိစ္စလည်းပြီးရော ရဟန်းအဖြစ်တောင်းခံပြီး ရဟန်းအဖြစ်အေးအေးပဲ နေကြတော့တယ်။ လွတ်မြောက်သွားကြတယ်။ စကားဖြစ်အောင် အတွေးမရှိတဲ့အတွက် စကားဖြစ်မာတော့ ဘုရားရှင်ကို မပင့်ဖြစ်တော့ဘူး၊ လောကီကိစ္စတာဝန်တွေကို မထမ်းဆောင်တော့ဘူး၊ လွတ်မြောက်မှုနဲ့ပဲနေတော့တယ်၊ ကြောင့်ကြမဲ့နေကြတယ်၊ အရှိအရှိတိုင်းနေတော့တာဖြစ်တယ်လို့ နားလည်ကြရမယ်။

ပထမလွှတ်လိုက်တဲ့ အမတ်တစ်ထောင်ပြန်မလာတော့ ခမည်းတော်မင်းကြီးက နောက်တစ်ထောင် ထပ်လွှတ်တယ်၊ အဲဒီတစ်ထောင်သည်လည်း ဘုရားရှင်ရဲ့ တရားနာပြီး ကာလသုံးပါးပြတ်လို့ သစ္စာမြင်သွားတယ်၊ ဘာတာဝန်မှ မထမ်းဆောင်တော့ပဲ ရဟန္တာဖြစ်၍ ရဟန်းပြုသွားကြပြီး ဘုရားရှင်ကို မပင့်ကြတော့ဘူး၊ အဲဒီလို ဘုရားရှင်ကိုပင့်ဖို့ တစ်ထောင် တစ်သုတ်၊ တစ်ထောင် တစ်သုတ်နဲ့ လွှတ်တာ (၉) ကြိမ် လွှတ်ပေမဲ့ မရခဲ့ဘူး။

နောက်ဆုံးအကြိမ်မှာတော့ ကာဠုဒါယီအမတ်ကိုဦးဆောင်ပြီး လွှတ်လိုက်တယ်၊ ခမည်းတော်ကြီးက ကာဠုဒါယီအမတ်ကို သားအရင်းကဲ့သို့ဖြစ်နေတော့ "သားတော်၊ သင့်ရဲ့နောင်တော် ဘုရားရှင်ကို ရာဇဂြိုလ်ပြည်မှ ကပိလဝတ်ပြည်ကို ရအောင်ပင့်ပေးပါမယ်လို့ ကတိပေးပါ" လို့ တောင်းဆိုတယ်၊ ကာဠုဒါယီအမတ်ကလည်း ဘုရားရှင်ထံရောက်ရင် ရဟန်းပြုမှာကို ကြိုတင်သိမြင်ထားလို့၊ သုဒ္ဓေါဒနမင်းကြီးဆီကနေ "ဘုရားရှင်ကို ကပိလဝတ်ကိုကြွဖို့ ပင့်ပေးပါမယ်၊ ရဟန်းပြုခွင့်ကိုတော့ ပေးပါဘုရား" လို့ အပြန်အလှန် ကတိကဝတ်ပြုပြီး ရာဇဂြိုလ်ပြည်ကို လာခဲ့တယ်၊ ဘုရားရှင်ထံပါးရောက်တော့ ယခင်အမတ်များကဲ့သို့ပဲ ဗုဒ္ဓမြတ်စွာရဲ့ တရားပွဲမှာ တရားဝင်နာတာနဲ့တပြိုင်နက် ကာဠုဒါယီအမတ်ဦးဆောင်တဲ့ အမတ်တစ်ထောင်လုံး ရဟန္တာဖြစ်သွားတာပဲ၊ ရဟန်းပြုပြီး တစ်ဝါတွင်းလုံး ဘာမှမလျှောက်ဖြစ်ပဲ ငြိမ်ကျသွားတယ်။

ကာဠုဒါယီအမတ်သည်လည်း ခန္ဓာငါးပါးသည် ပေါ်ပြီးပျောက်တဲ့ "သိ" သဘောသာလျှင်ဖြစ်တဲ့ သဘောတရားဆိုတာကို သိသွားတယ်၊ ရှေ့ကိုလည်းတွေးလို့မရဘူး၊ ယခုပေါ် ယခုပျောက်ဖြစ်သွားတယ်၊ နောက်ပြန်တွေးတော့လည်း ယခုပေါ်၊ ယခုပျောက်ဖြစ်တဲ့အတွက် သတ္တဝါ၊ အထည် ရှာမရလို့ တင်းဖွဲ့ပြီးပြောစရာစကားလည်းမရှိတော့ဘူး၊ ဇောတွေအကုန်ကျပြီး လွတ်မြောက်သွားတယ်၊ ငြိမ်သွားတာဖြစ်တယ်၊ သို့သော်လည်းပဲ မင်းကြီးထံမှာ ကတိစကားပေးခဲ့တာရှိတော့ အပင်ပန်းခံပြီး တာဝန်ကိုထမ်းဆောင်ခဲ့တယ်။

ဒီနေရာမှာ ခန္ဓာငါးပါး၏ သဘောတရားသည် ရုပ်၊ နာမ်ပေါင်းပြီး လောင်ကျွမ်းပေါ်ပေါက်တာဖြစ်၍ ဒီသဘောတရားသည် အထင်မှားနဲ့ဆက်တွေးရင် ပိုပြီးလောင်ရမယ်၊ အတိတ်ကိုလုပ်ကြံပြီးတွေးရတော့ ဆက်ပြီးလောင်တယ်၊ ဇောတွေကြွလာရတယ်၊ သီးသန့်အလောင်ခံပြီးတော့ တာဝန်ထမ်းဆောင်ရတာဖြစ်တယ်လို့ သဘောပေါက်ကြပါ။ ကာဠုဒါယီရဟန်းက ဘုရားရှင်ကို ဂါထာပေါင်းခြောက်ဆယ်နဲ့ ကပိလဝတ်ကိုကြွဖို့ လျှောက်ထားလိုက်တယ်၊ ဘုရားရှင်ကလည်း ကာဠုဒါယီရဟန်းသည် လောကီသတ္တဝါများအကျိုးအတွက် မေတ္တာအပြည့်နှင့် အခြေခံပြီး အပင်ပန်းခံ၍ အထူးလျှောက်ထားခြင်းဖြစ်တာကို သိရှိလို့ ဆိတ်ဆိတ်နေပြီး လျှောက်ထားချက်ကို လက်ခံခဲ့တယ်။

ဗုဒ္ဓမြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည်မှ ကပိလဝတ်ပြည်သို့ကြွချီရာမှာ ယူဇနာခြောက်ဆယ်ကွာဝေးလို့ နှစ်လကြာမြင့်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ကြွချီတဲ့နေရာ ကာဠုဒါယီရဟန္တာကြီးက ကောင်းကင်ခရီးကကြွပြီး ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကို "ဒီကနေ့ဖြင့် ဘယ်ကိုရောက်ပြီ" လို့ ပထမနေ့မှာပဲ ကပိလဝတ်ပြည်ကို သတင်းပို့တယ်၊ သုဒ္ဓေါဒနမင်းကြီးက ရဟန္တာကြီး ကောင်းကင်ကနေ ပျံပြီးကြွလာတာကို မြင်ရတော့ ဝမ်းသာအားရနဲ့ အံ့ဩကြီးစွာ လက်အုပ်ချီပြီး လျှောက်ထားပါတယ်၊ "အရှင်ဘုရားလိုပဲ သားတော်ဘုရားရှင်သည် ကောင်းကင်ပျံနိုင်သလား၊ တန်ခိုးကြီးပါရဲ့လား" လို့ မေးလျှောက်ပါတယ်။ ကာဠုဒါယီ ရဟန္တာကြီးက "မင်းကြီး ကျွန်ုပ်၏ တန်ခိုးသည် ဘုရားရှင်ရဲ့ ခြေမှုန်လောက်တောင်မရှိပါဘူး၊ ပျံနိုင်တာပေါ့" လို့ ပြန်ဖြေလို့ မင်းကြီးမှာ များစွာပီတိဖြစ်သွားတယ်၊ "ခရီးစဉ်အတွက် နေ့စဉ်နေ့တိုင်း ဒီကဆွမ်းလာအလှူခံပြီး ဆက်ကပ်ပေးပါဘုရား" လို့ လျှောက်ထားခဲ့တယ်။

မင်းကြီးရဲ့လျှောက်ထားချက်အရ ကာဠုဒါယီမထေရ်သည် ဘုရားရှင်ကြွချီလာတဲ့လမ်းတစ်လျှောက်လုံး နေ့စဉ် ကပိလဝတ်နန်းတော်ကဆွမ်းကို သွားရောက်အလှူခံပြီး ဘုရားရှင်ကို ဆက်ကပ်ခဲ့ပါတယ်။ ရဟန္တာများအဖို့ လွတ်မြောက်မှုနဲ့ နေချင်ကြတာဖြစ်ပေမဲ့ ကာဠုဒါယီမထေရ်သည် လောကီအာရုံကို သက်သက် အပင်ပန်းခံတာဝန်ယူခဲ့တာ ဖြစ်ပါတယ်။ လောကီအာရုံ ယူရတာ အလောင်ခံရတာဖြစ်လို့ ပူမယ်၊ လောင်မယ်၊ ပင်ပန်းမယ်ဆိုတာ သိလျက်နှင့် တာဝန်ထမ်းဆောင်ခဲ့တယ်၊

အဲဒီအတွက် ဘုရားရှင်က ကာဠုဒါယီမထေရ်ကို ဆွေမျိုးတွေကို ကြည်ညိုသဒ္ဓါပွားအောင် ဆောင်ရွက်တဲ့နေရာမှာ အထူးချွန်ဆုံး ဧတဒဂ်ဘွဲ့ကို ပေးအပ်ခဲ့ပါတယ်။ တာဝန်အပိုထမ်းဆောင်နိုင်၍ ဧတဒဂ်ဘွဲ့ပေးခဲ့ခြင်းဖြစ်တယ်လို့ မှတ်ကြပါ။

တရားယောဂီအားလုံးသည် တကယ်အရှိသောက ယခုပေါ် ယခုလောလောဆယ်ပဲ ချုပ်ငြိမ်းတယ်ဆိုတာ သဘောပေါက်ကြပါ။ ရှေ့ကာလ၊ နောက်ကာလ မရှိဘူးလို့ မှတ်ပါ။ ဒီအတိုင်းသာ ရှင်းရှင်းလေးသိမြင်လိုက်ရင် ပူစရာမရှိနိုင်တာ သေချာပါတယ်၊ ဥပမာ - မိမိရဲ့ အင်မတန်ခင်မင်တဲ့ သေဆုံးသွားပြီးဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို တွေးကြည့်လိုက်ပါ။ တွေးလိုက်ရင် အရိပ်ပဲပေါ်လာမှာဖြစ်ပါတယ်။ ပေါ်လာပြီး ပျောက်သွားမှာပဲဖြစ်ပါတယ်။ အဲဒီပေါ်လာတဲ့အရိပ်က "ကျွန်တော်ခင်ဗျားနဲ့အခင်မင်ဆုံးဖြစ်တဲ့ ဘယ်သူဖြစ်ပါတယ်" လို့ ပြောမသွားဘူး၊ ပျောက်ဖို့ပဲပေါ်တာဖြစ်တယ်လို့သိလိုက်ရင် ရှေ့ကိုအတွေးဆက်ဦးမလား၊ အတွေးမဆက်ခဲ့ရင်သတိရလို့ဝမ်းနည်းမျက်ရည်မကျတော့ဘူး၊ နှုတ်ကလည်းစကားသံထွက်မလာဖြစ်တော့ဘူး၊ နောက်ထပ် ဥပမာတစ်ခုအနေနဲ့ မိမိရဲ့ ရှေ့ဆောင်ရွက်ရမယ့်တာဝန်တွေ၊ လုပ်စရာရှိတာတွေကို တွေးလိုက်ပါအုံး၊ တွေးရင်ပေါ်လာမယ်၊ ပေါ်ပြီးအမြဲပဲပျောက်သွားမှာပဲဖြစ်ပါတယ်။ အဲဒီအတွက် မဆက်ရင် ဇောလည်းကွမလာတော့ဘူး၊ အဲဒါကြောင့် ရဟန္တာအရှင်မြတ်ကြီးများသည် ကြောင့်ကြမဲ့နေလို့ နေလို့ရခြင်းဖြစ်ပါတယ်၊ အင်မတန်အေးတဲ့ တရားတော်ဖြစ်ပါတယ်။ လွတ်မြောက်တဲ့တရားအမှန်ပါလို့ ဆုံးဖြတ်ချက်ရဲရဲချကြပါ။ နားလည်သဘောပေါက်ကြပါ။

ခန္ဓာငါးပါးဆိုသည်မျာ မိမိရဲ့ဘဝတစ်ခုလုံးဖြစ်တယ်လို့လည်း နားလည်သဘောပေါက်ကြဖို့ လိုပါတယ်။ ဖွားသေ-သေတယ်ဆိုရာမှာ သေတာက အပြီးသေသွားတာဖြစ်ပါတယ်။ ခန္ဓာငါးပါးပေါ်ပြီးပျောက်တာ ဖွားပြီးသေတာသည် အဲဒီနေရာမှာပဲ အဲဒီအချိန်မှာပဲ အပြီးသေသွားတာလို့ မှတ်ကြပါ၊ ပျောက်တာ၊ သေတာသည် နောက်ပိုင်းမှာတစ်ပိုင်းတစ်စအားဖြင့် ဘုမ္မကျန်မနေခဲ့ဘူး၊ ယခုချက်ခြင်း သိသမျှကြံစည်သမျှအားလုံးသော ခန္ဓာငါးပါးတို့သည် အပြီးပျောက်ဆုံးသွားခြင်းဖြစ်၍ ဘဝတစ်ခုလုံးပဲ သေသွားတာဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချပါ။ အစအနကျန်ခဲ့ခြင်း မရှိလို့ တစ်ပိုင်းတစ်စသေတာမဟုတ်ဘူး၊ အပြီးသေဖြစ်ပါတယ်။ တချို့က ခန္ဓာငါးပါး

သည် မိမိဘဝရဲ့ အစိတ်အပိုင်းတစ်ခုလောက်သာဖြစ်တယ်လို့ မြင်နေကြတယ်၊ ဒီလို အမြင်သည် မှားပါတယ်၊ တချို့က ခန္ဓာငါးပါးသည် မိမိဘဝရဲ့ အစိတ်အပိုင်းတစ်ခု လောက်သာဖြစ်တယ်လို့ မြင်နေကြတယ်၊ ဒီလိုအမြင်သည် မှားပါတယ်၊ ယခုပေါ်ပြီး ပျောက်တဲ့ ခန္ဓာငါးပါးသည် လုံးဝပျောက်ဆုံးသွားခြင်းဖြစ်တယ်၊ အတိတ်မှာလည်း မရှိတော့ဘူး၊ အနာဂတ်မှာလည်း မရှိတော့ဘူး၊ အပြီးထွက်ခွာသွားတဲ့လူလို နောက် ဆုံး နှုတ်ဆက်ထွက်ခွာသွားခြင်း ဖြစ်ပါတယ်။ ဖွား-သေ သေတာဖြစ်၍ ဘဝတစ်ခုလုံး သေတာလို့ မှတ်ကြပါ။

## သုံးပါးတစ်ပြိုင်တည်း မျက်မှောက်ပြုပုံ

ဆက်ပြီးလေ့လာကြမယ်ဆိုရင် ခန္ဓာငါးပါး၏ သဘောသဘာဝသည် လျှပ်စစ်လက်သကဲ့သို့ ပေါ်ပြီးရင် ပျောက်တယ်၊ ပေါ်ခြင်းသည် ပျောက်ဖို့ပေါ်ခြင်း သာဖြစ်တယ်ဆိုတာ သူ့ရဲ့နိယမတရားဖြစ်ပါတယ်။ ခန္ဓာချုပ်ငြိမ်းခြင်းနိယာမသည် သဘာဝတရားဖြစ်တဲ့အတွက် သီးသန့်ရှာစရာမလိုဘူး။ ဘုရားရှင်လဲ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ တွေ့မြင်ခဲ့တာဖြစ်တယ်၊ ခန္ဓာနိရောဓဆိုသည်မှာ ခန္ဓာချုပ်ခြင်း သဘောတရားဖြစ်ပြီး သဘာဝတရားဖြစ်ပါတယ်။ သဘာဝတရားသည် ခန္ဓာငါးပါး ၏နောက်မှာ ချုပ်တာပဲရှိတယ်။ တဏှာမရှိဘူးလို့ မှတ်ကြပါ။

## ခန္ဓာနိဗ္ဗာန်၊ ကိလေသာနိဗ္ဗာန်၊ အသင်္ခတနိဗ္ဗာန်

ခန္ဓာငါးပါးပေါ်ပြီး ချုပ်ပျောက်ခြင်းကို နောက်စိတ်ကအမြင်မှားလို့သာ သတ္တဝါ၊ အထည်ထင်လိုက်တဲ့အခါ ဒိဋ္ဌိနဲ့ မာနပေါင်းပြီး တဏှာလိုက်ပြီးပေါ်လာ တယ်၊ အဲဒီအထင်မှား အမြင်မှားတွေကို ကိလေသာလို့ခေါ်တယ်၊ ခန္ဓာငါးပါးအပေါ် မှာ အထင်မှားအမြင်မှားတွေသည် ကိလေသာဖြစ်ပါတယ်၊ ခန္ဓာချုပ်တာကိုမြင်နိုင် ရင်တော့ ကိလေသာမရှိတော့ဘူး၊ ခန္ဓာငါးပါးပေါ်ပြီးချုပ်တာကို နောက်စိတ်က အမှန်အတိုင်းကြံ့စည်တဲ့အတွက် ခန္ဓာချုပ်တာတွေ့ရမယ်၊ ကိလေသာမပေါ်လို့ ကိလေသာနိဗ္ဗာန်ဖြစ်ပြီးတော့ ခန္ဓာချုပ်တာကိုလည်းမြင်၍ ခန္ဓာမရှိတာသိလိုက်တော့ ခန္ဓာနိဗ္ဗာန်ဖြစ်မယ်၊ ခန္ဓာနိဗ္ဗာန်ဖြစ်၍ ခန္ဓာချုပ်ခြင်းသည် တဏှာမရှိသောကြောင့်

ရှေ့ဆက်တွေးစရာမလို၊ လုပ်စရာမလိုတဲ့အတွက် အမှုအရာမပေါ်တော့ဘူး၊ သင်္ခတ မရှိတော့တဲ့အတွက် အသင်္ခတနိဗ္ဗာန်ဖြစ်၍ တစ်ပြိုင်တည်း နိဗ္ဗာန်သုံးခု တစ်ပေါင်းတည်းမျက်မှောက်ပြုတယ်လို့ ဆုံးဖြတ်ချက်ချကြပါ။

နံပါတ်သုံးအဖြေကို ရှင်းလင်းသင်ပြမှုအတွက် အားလုံးသဘောပေါက်ကြပြီလား၊ "ခန္ဓာနိဗ္ဗာန်၊ ကိလေသာနိဗ္ဗာန်၊ အသင်္ခတနိဗ္ဗာန်ကို တစ်ပြိုင်နက် မျက် မှောက်ပြုရမည် ငါ့ရှင်" ဆိုတဲ့အဖြေကို ရှင်းပြီလို့မှတ်ကြပါ။

ဥပမာတစ်ခုထပ်ပြောပြမယ်၊ ဈေးသွားဝယ်စရာရှိတယ်လို့ တွေးလိုက်ပါ။ **အမှုအရာတွေပေါ်လာမယ်၊** ပေါ်လာတာကို နောက်စိတ်ကကြည့်တော့ မမြဲတာ ပျောက်တာကိုတွေ့မယ်၊ ပျောက်သွားရင် သတ္တဝါ၊ အထည် မလာတော့ဘူး၊ တစ်ပြိုင်နက် ခန္ဓာချုပ်လို့ ခန္ဓာနိဗ္ဗာန်ဖြစ်မယ်၊ ပြီးတော့ ကိလေသာလာတာလဲ မတွေ့ရတဲ့အတွက် ကိလေသာနိဗ္ဗာန်ဖြစ်မယ်၊ သတ္တဝါ အထည်ထင်ရင်တော့ ဈေးရုံကြီးရယ်၊ ဝယ်မယ့်ပစ္စည်းတွေရယ်ပေါ်လာပြီး ဒိဋ္ဌိ၊ မာနနဲ့ တဏှာပါလာမယ်၊ ကိလေသာဖြစ်မယ်၊ ပေါ်ပြီးပျောက်တာမြင်ရင်တော့ ကိလေသာမရှိတဲ့ ကိလေသာနိဗ္ဗာန်ပေါ်မယ်၊ ကိလေသာမရှိတော့ ဇောတွေမကြွတော့ဘူး၊ အမှုအရာတွေ၊ ပြုပြင်တဲ့သဘောတရားတွေမလာတော့တဲ့အတွက် အသင်္ခတနိဗ္ဗာန်ပါ တစ်ခါတည်း ပြီးသွားပြီလို့ နားလည်ကြပါ။

လောကမှာ ကိုယ်မနှစ်သက်တာ၊ မနှစ်မြို့တာ၊ မလိုအပ်တာတွေကို အဲဒီရှုမှတ်နည်းနဲ့ ဖြတ်ပစ်လိုက်ရမယ်၊ လောကီရေးရာ ခန္ဓာတာဝန်နဲ့ လုပ်ငန်းတာဝန်တွေရှိရင်တော့ ဖြတ်သန်းခွင့်ပေးရမယ်။ ကိုယ့်ကိုစကားလာပြောလို့ ပြောတဲ့စကားထဲမှာ ကိုယ့်အတွက်လိုအပ်ရင် နှလုံးခဏသွင်းလိုက်ပြီး တာဝန်ထမ်းလိုက်ဖို့ ဆိုလိုတာဖြစ်ပါတယ်၊ မလိုအပ်တဲ့စကားတွေဆိုရင်တော့ ဘာပဲပြောပြော၊ ဘယ်လောက်ပဲပြောပြော၊ ကြားသိစိတ်ကိုပေါ်ပြီး ပျောက်တာပဲလို့ ရှုပစ်လိုက်ပါ။ ရှုပစ်လိုက်ရင် နိဗ္ဗာန်သုံးမျိုးလုံး တစ်ခါတည်းပြီးသွားတယ်လို့ မှတ်ကြပါ။

ခန္ဓာနိဗ္ဗာန်၊ ကိလေသာနိဗ္ဗာန်နှင့် အသင်္ခတနိဗ္ဗာန်ပေါ်ရာမှာ **အသင်္ခတ** နိဗ္ဗာန်သည် ဇောကြွမလာတဲ့အတွက် အကောင်းဆုံးဖြစ်ပါတယ်။ **ဇောမကြွတော့**

လုပ်စရာမပေါ်လာတဲ့အတွက် ငြိမ်းအေးနေတာဖြစ်တဲ့အတွက် တခါတည်း တရားကိစ္စပြီးသွားနိုင်တယ်၊ ဒီနေရာမှာ ဘုရားရှင်ကသင်ကြားပေးခဲ့တာသည် မလိုအပ် ရင် ရှုပစ်လိုက်ပါတဲ့၊ သုံးတတ်ဖို့လိုအပ်ပါတယ်။ လူ့လောက တာဝန်ရှိရင်လည်း တာဝန်ကိုထမ်းဆောင်ဖို့ ဖြတ်သန်းခွင့်ပေးလိုက်ပါ။ သို့သော် တာဝန်ထမ်းဆောင်တဲ့ နေရာမှာလည်း အမူအရာပျက်နဲ့သွားရမယ်။ အဲဒါကို နောက်တစ်ပိုင်းမှာ သင်ကြားပေးပါမယ်။ သတိပဋ္ဌာန်နဲ့ သွားရမှာဖြစ်တယ်၊ ရေရှည်ကျင့်ရမယ့်နည်းထဲက တစ်မျိုးဖြစ်တယ်။ ရေရှည်ကျင့်ရမယ့်နည်းထဲက တစ်မျိုးဖြစ်ပါတယ်။ အမူအရာပျက်နဲ့ သွားရမယ်လို့ အကြမ်းမှတ်ခဲ့ကြပါ။

နံပါတ်သုံးမေးခွန်းရဲ့အဖြေကို ရှင်းလင်းချက်နဲ့ပတ်သက်လို့ သဘောပေါက်ကြပြီလို့ထင်ပါတယ်၊ ယခုသင်ခဲ့တဲ့ ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်တဲ့အချိန်မှာ အတိတ်လည်းမရှိဘူး၊ အနာဂတ်လည်းမရှိဘူး၊ ပစ္စုပ္ပန်လည်းမတင်ဘူး၊ အဲဒါကြောင့် ကာလသုံးပါး လွတ်သွားပြီ။

**ဖွား-သေ သေခြင်း**

ခန္ဓာ၏သဘောတရားသည် သူ့ရဲ့ပင်ကိုယ်သဘောတရားကိုက ပေါ်ပြီးချုပ်မယ်၊ မမြဲဘူး၊ ပေါ်လာခြင်းသည် ဘာအတွက်လဲလို့ကြည့်ရင် ပျောက်ဖို့ဖြစ်တယ်၊ တစ်နည်းအားဖြင့် သေဖို့ဖြစ်တယ်၊ မွေး-သေ သေဖို့ဖြစ်တယ်၊ အခုမွေး-အခုသေပဲဖြစ်တယ်၊ နောက်ထပ်ပြန်မလာတဲ့အတွက် အပြီးသေတာဖြစ်တယ်၊ ပေါ်ပြီးချုပ်သည့် သဘောတရားသည် ဘယ်တော့မှပြန်မလာဘူးလို့ မှတ်ကြပါ။

ယခုတရားစခန်းမှာပြောတဲ့စကားတွေကို နားထောင်ကြည့်ပါ။ ကြားရင်းပြောရင်းနဲ့ "သိ" သဘောတရားတွေပေါ်လာတယ်၊ ပေါ်တဲ့ခန္ဓာတွေသည် ချုပ်ကုန်တယ်၊ အဲဒီ "သိ" သဘောတရားတွေကို ပြန်လိုချင်လို့ မရတော့တာ သဘောပေါက်ကြရဲ့လား၊ ဘယ်တော့မှပြန်မလာတော့ဘူး၊ စိတ်ရော ရုပ်ရော ချုပ်သွားပြီ၊ မျက်တောင်တစ်ခတ်ကာလမှာ စိတ်ဘက်က ကုဋေတစ်သိန်းကျော်နှုန်းနဲ့၊ ရုပ်ဘက်က ကုဋေငါးထောင်ကျော်နှုန်းနဲ့ပေါင်းပြီး လောင်သွားတာဖြစ်တယ်၊ ပြန်မလာတော့

ဘူး၊ မျက်တောင်တစ်ခတ်ကာလမှာ အများကြီးကုန်သွားပြီ၊ ဘယ်သောအခါမျှ ပြန်မရတော့ဘူးလို့ သဘောပေါက်ကြပါ။

နံနက်ပိုင်းက အမူအရာတွေကို ပြန်လိုခဲ့ရင် မရနိုင်တော့ဘူး၊ နံနက်ပေါ်ခဲ့တဲ့ အမူအရာတွေကို ပြန်တွေးမယ်၊ ထပ်တွေးမယ်ဆိုရင် အဟောင်းပေါ်မလား၊ အသစ်ပေါ်မလား၊ စဉ်းစားကြည့်ပါ၊ အသစ်ပဲပေါ်လာတာဖြစ်ပါတယ်၊ အသစ်ပေါ်တာကလည်း ပျောက်သွားတယ်၊ မမြဲဘူး၊ ပျောက်သွားတာလဲ ဘယ်တော့မှပြန်ပေါ် မလာပဲ ပျောက်သွားတာ၊ သေသွားတာဖြစ်တယ်၊ အပြီးသေသွားတာဖြစ်ပါတယ်၊ ယခုပြောရင်းနဲ့ပဲ အပြီးသေနေတာဖြစ်တယ်၊ နောက်ထပ် ဘယ်တော့မှပြန်မလာဘူး၊ ဆုံးရှုံးပျောက်ကွယ်သွားတာဖြစ်တယ်၊ မြင်သိ၊ ကြားသိ၊ တွေးရင်းကြံရင်း အကုန်လုံး အပြီးသေသွားတာဖြစ်တယ်၊ ရှိကိုမရှိတော့ဘူး၊ အပြီးတိုင်ထွက်ခွာသွားတဲ့ လူတစ်ယောက်က နှုတ်ဆက်ထွက်ခွာသွားသကဲ့သို့ နှုတ်ဆက်ထွက်ခွာသွားပြီး ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ သဘောပေါက်ကြပါ၊ ဆုံးဖြတ်ချက်ချကြပါ။

အဲဒီအချက်ကို သဘောပေါက်ရင် ကာလသုံးပါးလွတ်တဲ့အပြင် အဲဒီအချိန်မှာ ခန္ဓာပေါ်ပြီးချုပ်ခြင်းသာဖြစ်လို့ ခန္ဓာ့နိဗ္ဗာန်ဖြစ်တယ်၊ အထင်မှား·အမြင်မှားတွေ မလာသောကြောင့် ကိလေသာနိဗ္ဗာန်ဆိုက်ရောက်ပြီ၊ အဲဒီနေရာမှာ အမူအရာဖြစ်အောင်တွန်းပို့တဲ့ ဇောမလာဘူး၊ ပြုပြင်တဲ့သဘောမလာတဲ့အတွက် အသင်္ခတနိဗ္ဗာန်ဖြစ်လို့ တစ်ပြိုင်တည်း၊ တစ်ပေါင်းတည်း နိဗ္ဗာန်သုံးခုလုံး တစ်ခါတည်း ပြီးသွားတာ ဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချကြပါ။

## "သစ္စာလေးချက် တစ်ပြိုင်တည်း ဆိုက်ရောက်ပုံ"

သစ္စာလေးချက် တစ်ပြိုင်နက်ဆိုတဲ့ အပိုင်းမှာ နက်နဲလာပြီဖြစ်ပါတယ်၊ ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်ပါတယ်၊ ဘုရားရှင်က ဟောကြားခဲ့ပါတယ်၊ ဒုက္ခ = ဆင်းရဲ၊ သစ္စာ = အမှန် လို့ အဓိပ္ပာယ်ရလို့ ဒုက္ခသစ္စာသည် ဆင်းရဲအမှန်လို့ မှတ်ကြပါ။ ရိုးရိုးသာမန်ဆင်းရဲတယ်လို့မထင်ပါနဲ့ အလွန်ဆင်းရဲတာပါလားလို့ ဆုံးဖြတ်ချက် ချနိုင်ဖို့ ဆုံးဖြတ်ချက်ကျဖို့ လိုပါတယ်။

အဲဒီဆုံးဖြတ်ချက်ကျဖို့ နဲနဲခက်ခဲလာပြီ၊ တရားပွဲမှာ နားကကြားရတဲ့ ကြားသိစိတ်နဲ့ ကြံသိစိတ်တို့သည် ခန္ဓာငါးပါးလို့လည်းသိပြီ၊ ဖွား-သေ သေတာမှန်းလည်း သိခဲ့ပြီ၊ ဒါပေမဲ့ ဆင်းရဲပါတယ်လို့ ခံစားမိရဲ့လားလို့မေးရင် ဆင်းရဲတယ်လို့ မထင်ကြသေးဘူး၊ ဆင်းရဲလို့မထင်သေးတဲ့အတွက် သစ္စာဉာဏ်မရောက်သေးဘူး၊ မမြင်သေးဘူးလို့မှတ်ပါ၊ ဆင်းရဲလို့မြင်မှ သစ္စာဉာဏ်ဖြစ်မယ်၊ အဲဒီအတွက် ထပ်ဖြည့်ပြီး သင်ကြရမယ်။

## ခန္ဓာငါးပါးသည် "ဆင်းရဲအမှန်" ဖြစ်ခြင်း

ခန္ဓာငါးပါးကို ဆင်းရဲအမှန်မြင်နိုင်ရေးအတွက် ဗုဒ္ဓမြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အနက်လေးခုနဲ့ ရှင်းလင်းဟောကြားခဲ့ပါတယ်၊ ဆင်းရဲအစစ်ရဲ့ သဘောတရားသည် နှိပ်စက်တဲ့သဘောတရားရှိသောကြောင့် "ပီဠန" ဆိုတဲ့ အဓိပ္ပာယ်တစ်ခုရမယ်၊ "ပီဠန"= နှိပ်စက်သောသဘော ဖြစ်ပေမဲ့ နိဗ္ဗာန်နဲ့ သိပ်မနီးသေးဘူး၊ မဂ်နဲ့ ဖိုလ်နဲ့ မနီးသေးဘူးလို့ မိုးကုတ်ဆရာတော်ဘုရားကြီးလည်း အမိန့်ရှိခဲ့ပါတယ်။ နောက်အနက်တစ်ခုက ဖောက်ပြန်သောသဘောရှိတဲ့အတွက် "ဝိပရိဏာမ" သည် ဆင်းရဲခြင်းပဲလို့ ဟောကြားခဲ့ပါတယ်၊ ဒီအနက်ကလည်း မဂ်ဖိုလ် နိဗ္ဗာန်နဲ့ အနီးဆုံးတရားမဟုတ်သေးပါဘူး၊ နောက်အနက်တစ်ခုကတော့ "သင်္ခတ ပြုပြင်ခံရခြင်း" ဖြစ်တယ်၊ ပြုပြင်ခံရခြင်းဆိုရာမှာလည်း ကံ၊ စိတ်၊ ဥတု၊ အဟာရ (၄)မျိုးပေါင်းပြီးဖြစ်သောကြောင့် တစ်ခါတစ်ရံ တိုးလောင်တယ်၊ တစ်ခါတစ်ရံ လျော့လောင်တယ်၊ အတိုးအဆုတ်ရှိတယ်၊ ဆင်းရဲလို့ ပြောသော်ငြားလည်း သင်္ခတ သည် နိဗ္ဗာန်နှင့် အနီးစပ်ဆုံးမဟုတ်သေးဘူးလို့ မှတ်ကြပါ။

**နောက်ဆုံး**အနက်ဖြစ်တဲ့ "<u>သန္တာပဋ္ဌ</u>" မီး လို့ခေါ်တဲ့ ဆင်းရဲခြင်းသည် မဂ်ဖိုလ်နဲ့ အနီးဆုံးတရားဖြစ်ပါတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ရဟန္တာသွားတော့ ဒါတွေကို အကုန်မြင်ပြီး အသေးစိတ်ပြန်လည်ဟောကြားနိုင်ခဲ့တယ်၊ **"သန္တပဋ္ဌမီး"** လို့မြင်မှသာ ဆင်းရဲဆိုတာပေါ်မယ်၊ အဲဒီလိုမြင်မှ ရှုမှ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် အနီးစပ်ဆုံးဖြစ်မှာလို့ မှတ်သားကြပါ။

အဲဒီလိုမြင်နိုင်ဖို့ ဥပမာတစ်ခုပြောမယ်၊ သားသမီး (သို့မဟုတ်) အမျိုးထဲကတစ်ဦးတစ်ယောက် သေတယ်ဆိုပါတော့၊ သေသူရဲ့လက်ရာခြေရာ၊ အမူအရာတွေ ပြန်တွေးကြည့်မိတိုင်း ရင်မှာပူနေမယ်၊ ပုံလေးတွေဖော်-ဖော်ပြီး ပူလောင်ခြင်းသည် ခန္ဓာငါးပါးမီးဖြစ်ပါတယ်။

ဘုန်းကြီးရဲ့ ရဟန်းအမတစ်ယောက် ဖြစ်ပျက်ခဲ့တာ ကြုံဘူးတယ်၊ သူကမူလက ပြည့်ပြည့်ဖြိုးဖြိုးပဲ၊ နယ်မှာတရားစခန်းဖွင့်ပြီး ကျောင်းပြန်ရောက်တော့ **ကျောင်း**မှာရောက်နေတဲ့ ရဟန်းအမကို ပိန်လှီနေတာကိုတွေ့ရတယ်၊ ဘုန်းကြီးက "ဘာအပူတွေဖြစ်နေလဲ" လို့မေးလိုက်တော့ "အရှင်ဘုရားတပည့်လေး သေသွားပြီဘုရား" လို့ ဖြေရင်းငိုတော့တာပဲ၊ သေတဲ့ကလေးမလေးက အသက် (၂၀)လောက်ရှိပြီး တရားလည်း ဝါသနာပါတယ်၊ ရောဂါသည်ဖြစ်ပေမဲ့ တရားအားထုတ်ပြီးသေတာဖြစ်တဲ့အတွက် အသေကောင်းပါပဲ၊ မိခင်ဖြစ်သူကတော့ နှမြောမိမှားပြီးငိုနေတာကိုတွေ့တော့ ဘာလို့ပိန်တာလဲလို့ စဉ်းစားမိပြီး သဘောပေါက်မိတယ်၊

မိမိသန္တာန်မှာ လောင်တဲ့နေရာက ခြောက်နေရာရှိတယ်၊ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဖြစ်တဲ့ ခြောက်ဒွါရမှာ ရုပ်-နာမ် ပေါင်းပြီးလောင်တယ်၊ လောင်ကျွန်းမှုနှုန်းက မျက်တောင်တစ်ခတ်ကာလမှာ ရုပ်ဘက်က ကုဋေပေါင်းငါးထောင်ကျော်၊ စိတ်ဘက်က ကုဋေပေါင်းတစ်သိန်းကျော် လောင်သွားတာဖြစ် တယ်၊ အဲဒီလောင်တဲ့နေရာကို အသစ်အစားထိုးမှု ဖြစ်ပေါ်ပေးရတယ်၊ အစားထိုးမှု မရှိရင်အားလုံးပျက်စီးကုန်မှာဖြစ်ပါတယ်။

လူတွေမှာ စားတဲ့အစာအာဟာရ အဆီသြဇာက အသစ်အစားထိုးပေး တယ်၊ အာဟာရအဖြစ်စားတဲ့ အဆီသြဇာကနေပြီး အကြောင်းအရာလေးခုကြောင့်

ကုန်ဆုံးသွားရတယ်၊ ပထမ ကိုယ်ထဲမှာရှိတဲ့ ပိုးတွေစားပစ်တယ်၊ ရိုးရိုးကိုယ်ပေါ်မှာ ချွေးပျံပြီး မီးလောင်တာရယ်၊ ဒွါရတွေဆီ အသစ်အသစ်ပျက်စီးတာတွေကို အစား ထိုးသလို ရိက္ခာပို့ရတာရယ်၊ ကျင်ကြီး၊ ကျင်ငယ်အဖြစ် စွန့်ပစ်တာတွေ ဖြစ်ပါတယ်၊ စားတဲ့ အာဟာရကို **အစာအိမ်ကချက်**ပြီး ပို့ရတာဖြစ်ပါတယ်။

## ရွာကြီး (၆)ရွာ မီးလောင်ကျွမ်းခြင်း

ဒွါရ (၆)ပါးကို **ဥပမာအားဖြင့်** ရွာတစ်ရွာစီ သတ်မှတ်လိုက်ပါ။ ရွာ (၆)ရွာ မှာ ခန္ဓာငါးပါးမီးလောင်ကျွမ်းနေတယ်၊ ရွာသားတွေအတွက် ထမင်းထုပ်ပို့ပေးနေ ရတယ်၊ ပိုပြီး မီးလောင်မှုများတဲ့ရွာကို ထမင်းထုပ်များများပို့ပေးရမှာဖြစ်တယ်၊ မီးဘေးကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုလုပ်ရမယ်၊ ရွာ (၆)ရွာမှာ အိမ်ခြေ (၅၀)စီပဲလောင်ရင် အညီအမျှနီးပါးပဲ ထမင်းထုပ်မျှဝေပို့ပေးစရာလိုမယ်၊ တစ်ရွာ မှာ ပိုလောင်ရင်တော့ ပိုလောင်တဲ့ရွာကို ထမင်းထုပ်ပိုပြီး ပို့ပေးရမှာဖြစ်တယ်၊ ခွဲတမ်း စနစ်နဲ့ပို့ပေးနိုင်တဲ့အခြေအနေမှာ တစ်ရွာကိုပိုပြီးပို့ပေးရရင် တခြားရွာ (၅)ရွာမှာ ထမင်းထုပ်ရိက္ခာအရ နည်းသွားမယ်လို့ သဘောပေါက်ကြပါ။

မီးပိုလောင်တဲ့ရွာဘက်ကို များများပို့ရတဲ့အတွက် ကျန်ရွာတွေအရနည်း သွားတဲ့အတွက် လျော့စားရတယ်၊ **အာဟာရနည်းတော့** အသစ်အစားထိုးမှုလျော့ သွားမယ်၊ မနောဒွါရမှာ အကြိမ်ကြိမ်**မီးလောင်တဲ့အ**ခါ အဲဒီရွာကိုပဲ ရိက္ခာပို့ရတာ ပိုများပေးရတယ်၊ "စိတ်" တည်ရှိရာ **ဟဒယရုပ်ကို** ပို့ရတာများတော့ "ကိုယ်" ဆိုတဲ့ ဒွါရရွာကို ပို့ရမဲ့ရိက္ခာလည်း လျော့မယ်၊ မျက်စေ့ဒွါရရွာကိုလည်း ရိက္ခာလျော့ရမယ်၊ အဲဒီတော့ မျက်နှာညှိုးမယ်၊ နွမ်းလျမယ်၊ မျက်စေ့လည်းဝေလို့ အမြင်ကြည်လင်မှု မရှိတော့ဘူး၊ ရိက္ခာအရနည်းလို့ အသစ်အစားမထိုးနိုင်လို့ နားလည်းအူ၊ အနံ့လည်း ခံနိုင်စွမ်းအားလျော့၊ ခံတွင်းပျက်လို့ အရသာလည်းမခံနိုင်ဖြစ်မှာပဲ၊ "စိတ်ထောင်း တော့ ကိုယ်ကြေ" ဆိုတဲ့စကားက ဒီနေရာမှာ ထင်ပေါ်နေတာကို တွေ့ကြရမယ်၊ အားလုံးသဘောပေါက်မယ်ထင်တယ်။

စိတ်မှာလောင်ကျွမ်းမှုနဲ့ပတ်သက်လို့ အနောက်နိုင်ငံ သိပ္ပံပညာရှင်များ ဝေး[illegible]လယ်ခဲ့တဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်ခဲ့ဘူးတယ်၊ စမ်းသပ်မှုက

ကြွက်ဖြူနှစ်ကောင် အတူတူမွေးထားရာကနေ တစ်ကောင်ကို တိတ်ဆိတ်ပြီး အေးချမ်းတဲ့၊ ဆူညံမှုမရှိတဲ့တောထဲမှာမွေးထားတယ်၊ နောက်တစ်ကောင်ကိုတော့ ဆူညံနေတဲ့ စက်သံတဂြုန်းဂြုန်းနဲ့ စက်ရုံထဲမှာမွေးထားလိုက်တယ်၊ အမြင်ရော အကြားရောရှုပ်နေတဲ့နေရာတစ်ခုဖြစ်တယ်၊ အဲဒီကြွက်နှစ်ကောင်ကို နေ့စဉ် အလေးချိန်တူတဲ့ အာဟာရတူတဲ့ အစာအညီအမျှကျွေးတယ်၊ ခြောက်လကြာတဲ့အခါ ကြွက်နှစ်ကောင်ကို အလေးချိန် ချိန်ကြည့်တော့ တောထဲမှာမွေးထားတဲ့ကြွက်က အလေးချိန်နှစ်ဆပိုတိုးနေတာ တွေ့ရတယ်၊ စက်ရုံမှာမွေးထားတဲ့ကြွက်မှာက နား ကလောင်၊ မျက်စေ့ကလောင်၊ ခန္ဓာငါးပါးမီးလောင်တာ ပိုများတော့ အာဟာရက အသစ်အသစ်တွေ ပိုအစားထိုးပေးရတဲ့အတွက် အလေးချိန်မတက်နိုင်တော့ဘူး၊ ခန္ဓာငါးပါးသည် "မီး" ဆိုတဲ့သဘောဖြစ်တယ်လို့ ပိုပြီးပေါ်လွင်စေတဲ့ စမ်းသပ်မှုဖြစ်ပါတယ်။

**မျက်စေ့ရောဂါဝယ်ယူခြင်း**

ခန္ဓာငါးပါးသည် ပေါ်ပြီးပျောက်ခြင်းသဘောဖြစ်ရာမှာ "မီး" လောင်တဲ့သဘောဖြစ်တယ်လို့ မှတ်ကြပါ။ မျက်စေ့ဒွါရက အဆင်းကိုကြည့်တဲ့အခါမှာ မြင်သိစိတ် ခန္ဓာငါးပါးလောင်ကျွမ်းခြင်းဖြစ်ပါတယ်၊ ယခုခေတ်မှာ တီဗီ၊ ဗီဒီယိုတွေပေါ်လာသို့ လူတွေကမနားတမ်းကြည့်ကြတယ်၊ မနားတမ်းကြည့်ခဲ့ရင် လက်နှိပ်ဓာတ်မီးကဲ့သို့ သုံးပါများရင် အားနည်းသွားမယ်ဆိုတာ သဘောပေါက်တဲ့သူများက သိမြင်ကြတယ်၊ လက်နှိပ်ဓာတ်မီးကို အသုံးပြုရင် ဓာတ်ခဲရော၊ မီးသီးပါလောင်ကျွမ်းပြီး အလင်းဓာတ်ပေးတယ်၊ သုံးပါများလာရင် ဓာတ်ခဲလည်းအားကုန်မယ်၊ မီးသီးလည်းကျွမ်းမယ်၊ ကြာကြာသုံးလို့မရဘူး၊ အဲဒီလိုပဲ မျက်စေ့သည် တီဗီမနားတမ်းစိုက်ကြည့်နေရင် မြင်သိစိတ်ရော၊ မနောမှာ ကြံသိစိတ်ရော အသစ်အသစ်အစားထိုးရမယ်၊ ရုပ်မှာလည်းအစားထိုးရမယ်၊ အာဟာရက အဆီသြဇာပို့ရာမှာ မျက်တောင်တစ်ခတ်ကာလလေးအတွင်းမှာ စိတ်က ကုဋေပေါင်းတစ်သိန်းကျော်၊ ရုပ်က ကုဋေပေါင်းငါးထောင်ကျော်နှုန်းဖြစ်ပေါ်ပြီး ပျောက်သွားတာဖြစ်လို့ အစားထိုးပေးမှု မပြတ်လုပ်ပေးနေရတယ်။

မျက်စေ့မှာ လောင်ကျွမ်းမှုများလာခဲ့ရင် အသစ်အစားထိုးပေးနေသော်လည်း ခံနိုင်ရည်စွမ်းရည်ထက် ပိုလောင်ရတော့ ကြာရင်မျက်လုံးတွေ ကြည့်လို့မကောင်းတော့ဘူး၊ မှုန်ဝေလာမယ်၊ တီဗီပေါ်လာတဲ့ခေတ်မှာ မျက်မှန်ဆိုင်တွေကြီးပွားကုန်ကြပြီ၊ တီဗီ ဗီဒီယိုကြည့်တာများလို့ မျက်လုံးတွေပျက်စီးလာတဲ့အခါ ရောဂါကုရ၊ မျက်မှန်တပ်ရနဲ့ မျက်မှန်တွေပိုပေါများလာပြီး ကြီးပွားနေကြတာ ဘာကြောင့်လဲ စဉ်းစားကြပါ။ တီဗီဝယ်ခြင်းသည် မတောင်းပဲနဲ့ပြည့်တဲ့ ဆုတစ်ခုရမယ်၊ တီဗီဝယ်တာသည် မျက်စေ့ရောဂါဝယ်သလိုပဲ ဖြစ်တာကို သဘောပေါက်ကြပါ။

## မနောတံခါးပွင့်အောင်လောင်သောမီး

မျက်စေ့ရောဂါရတောင် မျက်စေ့မှုန်၊ မျက်စေ့မကောင်းတဲ့အဆင့်မှာ ရပ်သွားပြီလားလို့ ထပ်ပြီးစဉ်းစားကြည့်ကြပါ။ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာနဲ့ ကိုယ်ဆိုတဲ့ ဒွါရ (၅)ပါးမှာ ခန္ဓာငါးပါးပေါ်တိုင်း စည်တီးတဲ့ဥပမာလို စိတ် (မနော) ဒွါရမှာ တစ်ပြိုင်နက် ခန္ဓာငါးပါးပေါ်မြဲဖြစ်တယ်၊ တီဗီကြည့်တော့ ရှေ့မှာဘာဖြစ်မလဲ သိချင်တဲ့ဇောစိတ်ကြောင့် ရင်မှာတင်းမယ်၊ စိတ်မှာတင်းမယ်၊ အိပ်ရေးတွပျက်မယ်၊ အဲဒီတော့ နှလုံးကိုထိခိုက်ပြီ၊ နှလုံးခုန်မမှန်လို့ အီး-စီ-ဂျီ ရိုက်ရ၊ စမ်းသပ်ရနဲ့ ဆရာဝန်နဲ့ အီး-စီ-ဂျီရိုက်စက်ပိုင်ရှင်တွေကို လုပ်ကျွေးရပြီ၊ ကိုယ်မှာက နှလုံးရောဂါ ကျန်ခဲ့ပြီး ငွေတွေကုန်ဖြစ်မယ်၊ တီဗီဝယ်တာ မတောင်းပဲရတဲ့ဆုအပြင် အပိုဆုကလည်းရပြန်ပြီလို့မှတ်ပါ။ နှလုံးမကောင်းဖြစ်ရခြင်းသည် ခန္ဓာငါးပါးမီးလောင်ခြင်းကြောင့်ဆိုတာ သဘောပေါက်ကြပါ။ မနောမှာ ကြံသိစိတ် ခန္ဓာငါးပါး မီးအဆက်မပြတ် ပြင်းထန်စွာလောင်ခြင်းကြောင့် နှလုံးခုန်မမှန်ခြင်းဖြစ်ပါတယ်။

ဒီနေ့ခေတ်အခါမှာ လူ့အသုံးအဆောင်ပစ္စည်းတွေ၊ တိုက်တွေ၊ ကားတွေက ဘယ်လိုကောင်းတာ၊ ဘယ်သူကထီပေါက်သွားလို့၊ ဘယ်သူကဖြင့် ချဲတစ်ကွက်ဘယ်လောက်ဘိုးပေါက်လို့ ဘယ်လောက်ရတာ စသည်ဖြင့် တတ်မက်စရာတွေ၊ လိုချင်စရာတွေအကြောင်းကို အသံမျိုးစုံကြားနေကြတယ်၊ ကြားသိစိတ်ကလောင်တယ်၊ တခြားသူချဲပေါက်သလိုပေါက်ချင်တော့ တွေးမိလို့လောင်တယ်၊ ပေါက်သာပေါက်ခဲ့ရင်ဆိုတဲ့ ရှေ့ကိုစောပြီးတွေးမိပြန်တော့ ပိုပြီးလောင်မယ်၊ ပိုလောင်တော့

နှလုံးအိမ်ပိုပြီးကြီးလာတယ်၊ ပိုလောင်လို့ နှလုံးခုန်မမှန်၊ ရင်တွေကြပ်၊ သွေး**တိုးရောဂါ** ပါဖြစ်နဲ့ ရောဂါမျိုးစုံတက်တဲ့အထိ ခန္ဓာငါးပါးမီးက လောင်ကျွမ်းမှုက **ကိုယ်လုံးမှာ** ရှိတဲ့ **အစိတ်အပိုင်းတွေအထိ** လှည့်ပြီးလောင်တယ်လို့ မှတ်ကြပါ။

စိတ်မှာ ဘာကိုပဲတွေးတွေး၊ ဘာကိုပဲကြံကြံ လောင်သွားတာပဲဖြစ်တယ်၊ တကယ်ဟုတ်မဟုတ် အခုထိုင်နေဆဲတွေးကြည့်ပါ။ ကိုယ်နေတဲ့အိမ်ကို အခုပုံဖော်ကြည့်ပါ။ ငါ့အိမ်ဆိုပြီး ပုံသဏ္ဌာန်လေး စိတ်မှာဖော်ကြည့်လိုက်မယ်၊ ဖော်ရင် အဲဒီပုံသဏ္ဌာန်အမြဲနေမလား၊ ပျောက်သွားမလား၊ ပျောက်သွားတာသာဖြစ်လို့ လောင်တာသာဖြစ်ပါတယ်၊ စိတ်က သူ့ကို ဗိုဲမြင့်**လိုက်သလို**ပဲ ဆွဲစုလိုက်တော့ လျှပ်စစ်ခေတ်သွားလိုပဲလို့မှတ်ပါ။ အိမ်ပုံပေါ်ပါလို့ **နားမှာကြား**ရင် နာမ်-ခန္ဓာ (၄)ပါးက သွားပေါင်းပြီး လျှပ်စစ်ခေတ်လိုလောင်တယ်၊ **လောင်တဲ့**ပြင်းအားက များတော့ ဒါဟာ ရှော့မြမ်လို့ ဖြုန်းစ်ပြတ်သလိုပဲဖြစ်တာလို့ မှတ်ပါ။ "နားကလောင်တဲ့အချက်**က မနော** တံခါးပွင့်အောင်လောင်လိုက်တာ" ဖြစ်ပါတယ်။

မနောတံခါးပွင့်အောင်လောင်ရာမှာ အရိပ်ပါဖြန်းကနဲထပြီးလောင်**တာ** ဖြစ်တယ်၊ ဥပမာ- နောက်ထပ် ဘုန်းကြီးက "ကျိုက်ထီးရိုးဘုရား" လို့ပြောလိုက်မယ်၊ အသံဖြစ်တဲ့ "ကျိုက်ထီးရိုးဘုရား" က နားမှာကြားသိပြီးလောင်သွားမယ်၊ မနောမှာ ထပ်ဆင့် "ကျိုက်ထီးရိုးဘုရား" ပုံပေါ်ပြီးလာမယ်၊ မနောတံခါးပွင့်အောင်လောင်တယ်လို့ မှတ်ကြပါ။ လောင်ပြီးရင်လည်း ဘာမှသုံးလို့မရဘူး၊ ပျောက်သွားတာပဲဖြစ်တယ်၊ ပျောက်တာမမြင်ရင် "နောက်စိတ်က အစိုင်အခဲထင်တာနဲ့ ထပ်ပြီး ဆက်ကာ ဆက်ကာ လောင်လာမယ်" လို့ မှတ်ကြပါ။ ပေါ်ပြီး**ပျောက်**တာ အမှန် ဖြစ်လို့ ဘာမှသုံးလို့မရဘူးလို့ ဆုံးဖြတ်ချက်ချပါ။

စိတ်မှာတွေးချင်ရာတွေး၊ တွေးရင်လောင်မှာပဲဖြစ်ပါတယ်။ လောင်တာတွေ များလာရင် နောက်က**အစားထိုး**မှုက မနိုင်မနင်းဖြစ်လို့လာမယ်၊ **အစားထိုး**မှုမနိုင် တော့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ တဖြည်းဖြည်းနဲ့ လျော့လာမယ်၊ အိုမင်းလာတဲ့ သဘောဖြစ်တယ်၊ ကိုယ့်ရဲ့ပါးလေးတွေကိုကြည့်ပါ။ ပိုပြီးသိသာတယ်၊ ငယ်တဲ့ပုဂ္ဂိုလ် ဆိုရင် ပြည့်ဖောင်းနေမယ်၊ နှမ်းအိပ်ကလေးတွေ နှမ်းစေ့[illegible]ည့်နေသလိုဖြစ်မယ်၊

နည်းနည်းအသက်ကြီးလာတော့ ပါးတွေအိကျလာမယ်၊ ဘာကြောင့်ဒီလိုဖြစ်တာလည်းဆိုရင် "ကိုယ်" မှာလဲပဲ "သိ" သဘောတွေ မပြတ်လောင်တဲ့အတွက် ဖြစ်ပါတယ်၊ အေးလိုက်တာလို့ သဘောကျမနေကြနဲ့၊ အဲဒီအေးတာကိုသိတာသည် လောင်သွားတာ ဖြစ်ပါတယ်၊ ချမ်းနေချိန် ပူတာလည်းပဲ သဘောကျမနေပါနှင့်၊ လောင်သွား တာဖြစ်တယ်၊ အသံကြားလို့ ဝမ်းမသာနဲ့၊ ကြားရင် များစွာသော ရုပ်-နာမ်တွေ ဆုံးရှုံးသွားတာဖြစ်တယ်၊ တဟားဟားရယ်ရလို့လဲ ဝမ်းမသာနဲ့၊ ပီတိကရယ်ဆဲမှာ ဖြစ်ပေမဲ့ ရင်ထဲမှာလောင်သွားပြီ၊ ပြိုကျသွားတာ(ချ)ဖြစ်တယ်၊ သဲကား နံရံဖွင့်လို့ သဲ တွေ ပြိုကျသွားတာဖြစ်ပါတယ်။

## သဘာဝမီးနှင့် အာသဝမီး

အဲဒီဥာဏ်ကိုရရှိထားတဲ့ ရဟန္တာကြီးများသည် နေ့သန့်စင်တဲ့အခါမှာ ဆိတ်ငြိမ်ရာကိုရှာပြီး အလောက်သက်သာစေဖို့ တစ်ပါးတည်းသီတင်းသုံးကြတာဖြစ်တယ်၊ တစ်ပါးတည်း ခန္ဓာချုပ်ငြိမ်းပုံလေးကို ကြည့်နေတာဖြစ်ပါတယ်။ သဘာဝကိုယ်က ခန္ဓာငါးပါးမီးသည် လောင်လည်းလောင်လျှက်ရှိနေတာဖြစ်ပေမဲ့ ပတ်ဝန်းကျင်ကြောင့် ထပ်ဆင့်အလောင်မခံတော့ဘူး၊ "ကိလေသာကြောင့် ထပ်ဆင့်လောင်တာကို အလောင်မခံတော့ဘူး"၊ သဘာဝမီးနဲ့ပဲ နေကြတာဖြစ်တယ်၊ သဘာဝအားဖြင့် မီးလောင်ပြီး ချုပ်ပြတာနဲ့ပဲ နေ့သန့်စင်ခြင်းဖြစ်ပါတယ်။ အာသဝမီး အထင်မှား ကိလေသာကြောင့် ထပ်ဆင့်လောင်ခြင်းကို လက်မခံရအောင် ဆိတ်ငြိမ်ရာရှာခြင်း ဖြစ်ပါတယ်။

ယခုခေတ်လူတွေမှာတော့ မှားနေကြတယ်၊ သဘာဝ မူလကလောင်နေရတဲ့အထဲမှာ အလောင်နည်းတယ်ထင်ကြလို့ ပိုက်ဆံရှိရင် တီဗီဝယ်ပြန်ပြီ၊ အောက်စက်ထည့်၊ ဗွီစီဒီစက်ဝယ်၊ ကက်ဆက်ကပါသေးတယ်၊ တီဗီကရပ်တော့၊ ကက်ဆက်ဖွင့်ကြတယ်၊ တချို့အိမ်တွေမှာ တီဗီမနားတမ်းကြည့်၊ တီဗီအစီအစဉ်ပြီးတော့ အောက်စက်နဲ့တိတ်ခွေကြည့်ကြ၊ အခွေပြီးတော့၊ ကက်ဆက်ဖွင့်ကြနဲ့ များစွာအလောင်ခံနေကြတာ တွေ့နေရတယ်၊ မနားတမ်းအလောင်ခံနေတော့ကာ ကြာတော့ ကုသိုလ်စိတ်တွေလည်း ကုန်သွားတယ်လို့ သဘောပေါက်ကြပါ။ ဘာကို သိသိ လောင်တယ်လို့ သဘောပေါက်ကြပါ။

ယခုထိုင်နေဆဲမှာလည်း လောင်နေတာဖြစ်ပါတယ်။ "ကိုယ်" မှာလည်း 'သိ' သဘောတွေရှိနေတော့ လောင်နေမှာပဲ၊ "သိ" ဆိုတာ လောင်ခြင်းသာဖြစ်ပါတယ်၊ ထိုင်လို့လောင်နေတာကို ထလိုက်ရင်လဲလောင်နေမှာဖြစ်ပါတယ်၊ သဘာဝမှာ မပြတ်လောင်နေတယ်လို့ မှတ်ကြပါ။

ငယ်ငယ်ကအကြောင်းတစ်ခုကို တွေးလိုက်ပါ၊ တွေးရင်လောင်မှာပဲ၊ ပြီးရင်ပျောက်သွားမှာပဲဖြစ်တယ်၊ မလောင်တဲ့အချိန် လုံးဝမရှိပါဘူး၊ ပြေးလို့လည်းမလွတ်ဘူးလို့မှတ်ပါ။ ရေချိုးလည်းပဲ အမူအရာအားဖြင့်လောင်မှာဖြစ်တယ်၊ အချိန်တိုင်းဆက်တိုက်လောက်လျှက်ရှိတယ်လို့ သဘောပေါက်ကြပါ။ ဘုရားရှင်က "ခန္ဓာမီးလောင်တာဖြစ်တယ်" လို့ ဟောကြားခဲ့ပါတယ်။ "ချစ်သားတို့ - ဘဝဆိုသည်ကိုငါဘုရားသည် လက်ဖြစ်တစ်တွက်လေးတောင် သာခုမခေါ်ဘူး" လို့ ဟောကြားခဲ့ပါတယ်။ ဘဝသည် အလောင်ခံရခြင်းသာဖြစ်ပြီး ဆင်းရဲသာဖြစ်၍ ဘာမှသုံးလို့မရတာကို နားလည်ကြပါ။ မျက်စေ့မှာမြင်သမျှသည် မနောထိပွင့်အောင်လောင် တယ်၊ နားမှာကြားသမျှသည်လည်း မနောတံခါးသိအောင်လောင်တာဖြစ်တယ်၊ ကြားသမျှမြင်သမျှသည် ဘာမှသုံးလို့မရပဲ ပျောက်သွားတာပဲရှိတယ်၊ ထပ်တွေး လည်းပဲထပ်လောင်ပြီး ဘာမှသုံးလို့မရပဲ ပျောက်သွားတာဖြစ်တဲ့အတွက် အနှစ်သာရရှာလို့မတွေ့ဘူးလို့ သဘောပေါက်ကြပါ။

**"ပိုးဖလံမျိုး မီးကိုတိုး"**

အင်မတန်ပျော်စရာကောင်းတယ်ဆိုတဲ့ ပီတိဖြစ်စရာတွေကို ပြန်တွေးကြည့်ရင် တွေးရင်ပျောက်သွားတာပဲဖြစ်တယ်၊ လောင်ခြင်းသာဖြစ်တယ်၊ အဲဒီလိုနဲ့ ပျောက်တာလောင်တာ အမှန်မသိပဲမရေမရာတွေကိုဆုပ်ကိုင်ပြီး ရှာရင်းရှာရင်းနဲ့ အသက်တွေကကြီးလာရတယ်၊ ပျော်စရာလို့ထင်ပြီး ခဏခဏပီတိစားချင်လို့ ကြိုးစားလှုပ်ရှားနေကြတာတွေကလည်း လောင်တာတွေပဲဖြစ်ပါတယ်၊ "နှစ်ဆင့်အလောင်ခံရတာဖြစ်ပါတယ်" အဲဒီလိုလောင်တာကို မသိတဲ့အခါ အဲဒါကိုပဲ ထပ်ခါထပ်ခါ ရှာနေကြတာ မြင်ကြပြီလား။

"မီး" ကိုပဲ ချမ်းသာလို့ထင်နေကြတယ်၊ အဲဒါကြောင့် ပိုးဖလံလေးတွေကို အပြစ်တင်ထားတာပဲ၊ မီးကို ရွှေတောင်မှတ်ပြီးအားကိုးကြီးခြင်းများစွာနဲ့ တိုးတိုး ပစ်တယ်၊ တိုးလို့မှူးတာနဲ့ မိုက်ကနဲအောက်ပြုတ်ကျတယ်၊ အမူးပြေတော့လည်း ထပ်ပျံလာပြီး ထပ်တိုးတာပဲ၊ သေသွားတဲ့အထိ ဇွဲမလျှော့ပဲ တိုးတာတွေ့ရမယ်၊ မီးကို ရွှေတောင်မှတ်လို့ အသေခံပြီးတိုးတာဖြစ်ပါတယ်။

အဲဒီဥပမာလိုပဲဖြစ်တယ်ဆိုတာ ညစဉ်တီဗီကြည့်ခြင်းအလုပ်ကို ပြန်စဉ်းစား ကြည့်ကြပါ။ သဘာဝမီးကလောင်နေတာ တီဗွီကြည့်တော့ ပိုလောင်မယ်၊ ကြည့်ပြီး ရင်လည်း ဇက်တွေလည်းလေး၊ အိမ်ရေးလည်းပျက်၊ ကြာရင် မျက်စေ့ပါမှုန်လာမယ်၊ ကိုယ်၊ လက်၊ ခါးတွေလည်းတောင့်ပြီး မနေ့မှာဆက်တိုက်လောင်လို့ မကောင်းတဲ့ သတ္တိတွေ ကိန်းသွားမယ်၊ ပိုးဖလံ မူးကနဲမိုက်ကနဲ ပြုတ်ကျသလိုဖြစ်လည်း မမှတ် သေးဘူး၊ နောက်နေ့ ထပ်ကြည့်ကြတာပဲ၊ တီဗွီဝယ်လို့ ငွေသောင်းချီကုန်တယ်၊ ကိုယ် မှာလည်းဆုံးရှုံးတယ်၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဆိုတဲ့ ရတနာ ခုနစ်ပါးလည်း မရှိတော့ဘူး ပါသွားတယ်။ တီဗွီကြည့်နေချိန်မှာ သဒ္ဓါတရားပေါ်ပါ့ မလား၊ သီလလည်းပျောက်ပြီ၊ တရားနဲ့ပတ်သက်တဲ့သုတတွေလည်း မလာတော့ဘူး၊ စွန့်ကြဲပေးကမ်းမှု စာဂတရားလည်း မေ့သွားပြီ၊ ဝိပဿနာပညာတွေ မပွားတော့ ပညာလည်းမလာတော့ဘူး၊ အရှက်အကြောက်တရားလည်း နည်းလာမယ်၊ အခု ပြောတာတွေမှန်ရဲ့လား စဉ်းစားကြပါ။

မိမိသီလပျက်တာကို ရှက်ရမယ်၊ တီဗွီကြည့်လို့ အိပ်ရေးပျက်တော့ မနက် စောစောထ ဘုရားရှိခိုးတာ မလုပ်နိုင်တော့ဘူး၊ အာသဝမီးထပ်လောင်လို့ အများကြီး ဆုံးရှုံးရတာဖြစ်ပါတယ်။ ပိုးဖလံမျိုးလိုပဲဖြစ်နေကြလို့ အဲဒါလည်းမမှတ်သေးပဲ နောက်နေ့လည်း ထပ်ပြီးကြည့်ကြတယ်၊ မိမိကိုယ်မိမိ သတိထားကြည့်ပါ။ ဘယ် လောက်အထိမိုက်နသလဲ၊ မသိလို့မိုက်တာလား၊ စဉ်းစားကြည့်ရင် တော်တော်လေး မိုက်နေပါလားလို့ မြင်ကြဖို့လိုပါတယ်။ ထပ်ခါထပ်ခါ မီးကိုတိုးနေတော့ သိပ်ကိုဆိုး မိုက်နေတာဖြစ်ပါတယ်။

သားသမီးတွေအကြောင်းတွေးမိမယ်၊ တွေးရင်ဖြင့် ဝမ်းသာစရာတွေ့ရင် ရယ်လိုက်ပြန်တယ်၊ ရယ်တာလည်း လောင်ခြင်းသာဖြစ်လို့ ဘာမှမကျန်ခဲ့ပဲ ဆုံးရှုံး

ပျောက်ကွယ်သွားတာဖြစ်တယ်၊ ဝမ်းနည်းစရာ ပူစရာတွေ့ရင် ပူလိုက်ပြန်တယ်၊ ပူလည်း လောင်တာဖြစ်လို့ ဆုံးရှုံးတာပဲဖြစ်တယ်၊ အဲဒါကိုလည်း မမှတ်ဘူး၊ ထပ်ခါထပ်ခါ တွေးနေကြတယ်၊ သားသမီးတွေ၊ မြေးတွေမြင်ရတွေ့ရမှု၊ အနားကမခွာနိုင်ကြပဲ နှလုံးသွင်းမှားနေကြတယ်၊ ပိုးဖလံထက် ဆိုးနေတာအမှန်ပဲလို့ နားလည်သဘောပေါက်ကြပါ။ ကိုယ်ဆိုးနေတာ အမှန်ပါလားလို့ ဆုံးဖြတ်ချက်ချကြပါ။

တချို့က တစ်ယောက်တည်းစိတ်ကူးယဉ်ရတာအားမရဘူး၊ ဝတ္ထုဖတ်၊ မဂ္ဂဇင်းဖတ်လိုက်သေးတယ်၊ သဘာဝမီးကလောင်တယ်၊ စိတ်ကူးယဉ်လို့လောင် တယ်၊ ဝတ္ထုဖတ်လို့လောင်တယ်၊ နှစ်ဆင့်သုံးဆင့်အလောင်ခံနေကြတာ တွေ့ရတယ်၊ **ဝတ္ထုဖတ်ကြီး** တမြုံ့မြုံ့နဲ့ ပြန်တွေးကြသေးတယ်၊ "မီး" ကိုပဲ သူကအဖော်လုပ်နေတာဖြစ်တယ်၊ ဝတ္ထု၊ မဂ္ဂဇင်းဖတ်တာက မပြတ်လောင်နေခြင်းဖြစ်လို့ ထပ်ဆင့်လောင်**တာဖြ**စ်တယ်လို့ သဘောပေါက်ကြပါ။ ကိုယ့်ရဲ့သဏ္ဌာန်မှာ ခန္ဓာငါးပါးမီးလောင်**နေခြ**င်းသည် ဆင်းရဲမှန်းမသိတဲ့ ပုဂ္ဂိုလ်များသည် ပိုးဖလံပဲ မီးကိုထပ်ခါထပ်ခါ တိုးနေကြတယ်၊ နားလည်သဘောပေါက်ကြဖို့ အရေးကြီးပါတယ်။

ဒီနေရာအထိရှင်းပြပေးတာ၊ သင်ကြားပေးတာ သဘောပေါက်ကြမယ်လို့ ထင်ပါတယ်၊ နောက်တစ်ခုထပ်ပြီးပြောမယ်၊ ယခုထိုင်ဆဲ အိမ်အကြောင်းတွေးမယ်ဆိုပြီ တွေးကြည့်ပါလား၊ တွေးရင်ပူလာမယ်၊ တွေးရင်းနဲ့ အပူချိန်မြင့်လာတာ လောင်သွားလို့ ဖြစ်ပါတယ်၊ တွေးဖို့အတွက် အားလေးစိုက်လိုက်ရတာဖြစ်တယ်၊ မူလသဘာဝမှာပင် လောင်နေရတဲ့အထဲ ထပ်တွေးတော့ပိုလောင်တာဖြစ်ပါတယ်၊ အသက်ရှူနေလဲ လောင်နေမှာပဲ၊ ရှူဆဲမှာ အကုန်လုံးပေါင်းလောင်နေတာ ဖြစ်ပါ တယ်၊ လောင်နေတဲ့နေရာမှာ မနောတံခါးပွင့်အောင် နှစ်ဆင့်လောင်တာဖြစ်ပါတယ်။ အမူအရာအရပ်ပေါ်အောင် လောင်ခြင်းဖြစ်တယ်။ လောင်သမျှသ**ည်** ကုန်သွားပြီး ပျောက်သွားပြီလို့ ရှုမှတ်နိုင်ရင်တော့ သက်သာမယ်။

အဲဒီလောင်ကျွမ်းခြင်းဒုက္ခ ငြိမ်းတာလေးကိုကြည့်ရမယ်၊ “ဒုက္ခမီး ဆင်းရဲ ရဲ့ ငြိမ်းပုံကို နှလုံးသွင်းခြင်းမှတစ်ပါး သက်သာရာမရှိ၊ ဒီတစ်လမ်းပဲ ရှိပါတယ်” လို့ မှတ်ကြပါ၊ ဆုံးဖြတ်ချက်ချကြပါ။ ထပ်ကာထပ်ကာ လေ့လာကြည့်ကြပါ။ နှလုံးသွင်းတည့်မှ မီးအလောင်သက်သာမှ ဖြစ်ပါတယ်။

သေမင်းမမြင်နိုင်သောတရား

အခါခပ်သိမ်း အောက်မေ့မှု "သတိ" ရှိလျှက်
မိမိကိုယ်ဟုစွဲယူမှု "အတ္တာနုဒိဋ္ဌိ" ကို နှုတ်ပယ်၍
"လောက" **ကို ဆိတ်**သုဉ်းသောအားဖြင့် ရှုပါလော့။

**မောဃရာဇမဏဝပုစ္ဆာ**၊ ခုဒ္ဒကပါဠိတော်မြန်မာပြန်
(စာ၊ ၄၂၄)

**ယခုဖော်ပြတဲ့** စာကြောင်းသုံးကြောင်းသည် အလွန်အရေးကြီးပါတယ်၊ တ**ရားရှုမှတ်တဲ့အခါမှာ** နှလုံးသွင်းရမည့် လမ်းညွှန်ချက်ဖြစ်ပါတယ်၊ **တရားရှုမှတ်သည့်အချိန်မှာ အခါခပ်သမ်း** အောက်မေ့မှု သတိရှိလျှက်၊ မိမိကိုယ်ဟု **စွဲယူမှု အတ္တာနုဒိဋ္ဌိကို နှုတ်ပယ်၍** "လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုပါလော့" လို့ **နှလုံးသွင်းရမှာဖြစ်**ပါတယ်။ ဒီနေရာမှာ "သတိ" ရဲ့ အဓိပ္ပာယ်က "**အောက်မေ့မှု**" **ဖြစ်ပါတယ်။** ဒါပေမဲ့ အိုးတွေ၊ အိမ်တွေ၊ သားသမီးတွေ **စတဲ့ပညတ်တွေကို အောက်မေ့မှုကို** ပြောတာမဟုတ်ဘူး၊ အဲဒါတွေဖယ်**လိုက်ရမှာဖြစ်ပါတယ်။**

အခေါ်အရှိကိုမလိုက်ဘဲ တကယ့်အရှိကိုကြည့်ကြပါ။ **ထိုင်ဆဲအမူအရာ**၊ **ရှုဆဲအမူအရာ**ကို ကြည့်လိုက်ပါ။ ထိုင်နေဆဲမှာ **တည်ငြိမ်နေတဲ့အတွက် သတိက** အားကောင်းနေပြီဖြစ်ပါတယ်။ မိမိသည် **ယခုနေသေခဲ့သော်လို့ သံဝေဂဉာဏ်ယူ**လိုက်ပါ။ ယခုနေ သေခဲ့သော် **အားကိုးစရာဘာမှမရှိပါဘူး၊ အိုးအိမ်တွေနဲ့ မဆိုင်**တော့ဘူး၊ ရွှေ၊ ငွေ ဘယ်လောက်ပဲပုံ**ပေးထားထား အခုနေသေခဲ့ရင် ဘာမှအားမကိုး**ရပါဘူး၊ မိမိရဲ့အမူအရာ **အရုပ်ဖြစ်တဲ့မျက်နှာ၊ ကျောပြင်၊** လက်တွေခြေတွေက တိရစ္ဆာန်ပုံဖော်မိရင် တိရစ္ဆာန်ဘဝသွား**ရမှာဖြစ်လို့ စိုးရိမ်စရာဖြစ်**ပါတယ်။ "သတိ" ရှိပြီဆိုတော့ ဒုတိယစာကြောင်းမှာဖော်ပြ**ထားတာကို ဆက်**သွားကြမယ်။

ဒုက္ခသစ္စာသည် သန္တာပဋ္ဌမီးဖြစ်၍ ကိုယ်မှာမပြတ်လောင်နေပြီး သူ့ရဲ့သဘောတရားသည် ခန္ဓာငါးပါးနှစ်ဆင့်လောင်တာဖြစ်တယ်၊ မနောတံခါးပွင့်အောင်

အမူအရာပေါ်တဲ့အထိ တစ်ဖြန်းဖြန်းနဲ့ အဆက်မပြတ် နှစ်ဆင့်လောင်နေခြင်း ဖြစ်ပါတယ်။ သန္တာပဋ္ဌ မီးလောင်ခြင်းလို့ မှတ်ပါ။ ရှုမှတ်တဲ့အချိန်မှာ တစ်ကိုယ်လုံးမှာ ရုပ်-နာမ် ပေါင်း၍ အပေါင်းအားဖြင့်လောင်သောကြောင့် **မနောတံခါးပွင့်အောင်** နှစ်ဆင့်လောင်ပြီး မျက်နှာအမူအရာတွေပေါ်လာတယ်၊ ပေါ်**လာတဲ့အမူအရာတွေ**က စကားပြောခြင်းမရှိဘဲ လောင်ပြီးချုပ်ငြိမ်းပြတာပဲရှိပါတယ်။ **ရှုနေဆဲအချိန်မှာ** နှစ်ဆင့်လောင်ပြီး ပျောက်သွားခြင်းသည် ရေမှာစာရေးသကဲ့သို့ ဘာမျှမ**ထင်ပါဘူး**၊ စကားလည်းမ**ပြော**၊ အမူအရာအရိပ်က "ကျွန်တော်ဘယ်သူဖြစ်ပါတယ်" လို့ ဝန်ခံခြင်းလည်းမ**ရှိပါဘူး**၊ သတ္တဝါ၊ အထည်လဲမဟုတ်ပါဘူး၊ ဆင်းရဲသက်သက်**အမြဲ**လောင်နေခြင်း**ဖြစ်**ပါတယ်။

<u>"**အသက်ရှုဆဲ၊ ထုတ်**ဆဲအချိန်မှာ မပြတ်လောင်နေတဲ့ သဘောတရားသည် အားပြင်း**လွန်းအားကြီး၍** နှစ်ဆင့်တောင်လောင်တာဖြစ်တယ်၊ ကာ**ယ**ပသာဒလေး**တွေမှာလောင်တဲ့အပြင်** မနောတံခါးပွင့်အောင် မျက်နှာအမူအရာပေါ်အောင် လောင်ခြင်း**ဖြစ်**ပါတယ်"</u>။ ပေါ်လာသော ထိုအမူအရာသည် "ကျွန်တော်က ခင်ဗျားရဲ့မျက်နှာပါ" လို့ **စကားမပြော**ပါဘူး၊ လောင်ပြီးပျောက်ပြတာပဲရှိတော့ ပစ္စုပ္ပန်လည်း မတင်တဲ့အတွက် **ကာလသုံးပါး**မှလည်း လွတ်နေပါတယ်။

အရှိကို အရှိ**အတိုင်း** အမှန်ကြံစည်ဆုံးဖြတ်လိုက်တော့ စကားလုံးတွေ လုံးဝမရှိပါဘူး၊ တိတ်ဆိတ်**နေပြီး** ထိရင်းပျောက်၊ သိရင်းပျောက်၊ လောင်ရင်းကုန်သွားတာပဲရှိပါတယ်။ ရှုမှတ်**နေ**ဆဲ ငါ့အိမ်လို့တွေးလိုက်ပြန်ရင်လည်းပဲ ရုပ်-နာမ် ပေါင်းစု၍ ဘွားကနဲလောင်သွားတာဖြစ်ပါတယ်။ ဘာမှသုံးလို့မရပါဘူး၊ ငါ့သားသမီး လို့တွေးလိုက်ပြန်ရင်လည်းပဲ လောင်သွားတာပဲဖြစ်ပါတယ်၊ မပြတ်လောင်ခြင်းဖြစ်ပြီး နှစ်ဆင့်လောင်တာဖြစ်ပါတယ်။ အနှစ်သာရလုံးဝမရှိပါဘူး။

မီးလျှံကဲ့သို့ အသက်ရှုဆဲမှာ လောင်ခြင်းသည် နှစ်ဆင့်လောင်တယ်၊ ထုတ်ဆဲမှာလည်း နှစ်ဆင့်လောင်တယ်၊ လောင်ပြီးချုပ်ငြိမ်းတာပဲရှိပါတယ်။ အဲဒါကြောင့် ဓမ္မစကြာသုတ်တရားတော်မှာ "ယံကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မံန္တိ" လို့ ဟောထားခြင်းဖြစ်ပါတယ်။ ပေါ်ချင်တာပေါ်တော့ အကြောင်းကြောင့်ပေါ်သမျှ

အားလုံးသည် ချုပ်ငြိမ်းကုန်သွားတာဖြစ်ပါတယ်။ ရှေ့၊ နောက် မရှိ ကာလသုံးပါး လွတ်ပြီး ချုပ်ငြိမ်းတာဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချပါ။ ရှုဆဲ၊ ထုတ်ဆဲမှာ တိတ်ဆိတ်နေပါတယ်။ သဘာဝတရားက စကားမပြောပါဘူး၊ အနှစ်သာရလည်း မရှိပါဘူး၊ အားစိုက်တွေးလိုက်ပြန်ရင်လဲ လောင်သွားပြန်တာပဲဖြစ်ပါတယ်။

ယခု ရှုမှတ်နေဆဲမှာ မိမိရဲ့ အိမ်ပုံသဏ္ဌာန်ကို ကျိုးစားပြီးဖော်ကြည့်ပါ၊ ရင်တွေ၊ ကျောတွေတင်းပြီး အကြောတွေတင်းဖွဲ့မှုဖြစ်လို့ စုစည်းလိုက်ရမယ်၊ ပေါ်ပြီး ပျောက်သွားပြန်တာပဲဖြစ်လို့ ဘာမှသုံးလို့မရပါဘူး၊ အလောင်ခံလိုက်တာဖြစ်တယ်၊ ရုပ်-နာမ်တွေ ဆုံးရှုံးသွားမယ်၊ မျက်တောင်တစ်ခတ်ကာလမှာပဲ ရုပ်ကကုဋေပေါင်းငါးထောင်ကျော်၊ စိတ်က ကုဋေပေါင်းတစ်သိန်းကျော် ဆုံးရှုံးသွားတာဖြစ်ပါတယ်။

ရှုမှတ်ပြီးကာလနှင့် မရှုမှတ်ခင်ကာလကို နှိုင်းယှဉ်ခံစားကြည့်ရမယ်၊ သုံးသပ်ကြည်မယ်ဆိုရင် မရှုမှတ်ခင်က ထက်ဝန်းကျင်မှာ ဆူညံနေပြီး ရင်ထဲမှာ အထည်၊ သဏ္ဌာဝါ၊ ပညတ်တွေနဲ့ ရှုပ်ထွေးနေတယ်၊ ရှုမှတ်ပြီးချိန်မှာတော့ ထက်ဝန်းကျင်အားလုံးသည် ဆိတ်သုဉ်းသွားမယ်။ တိတ်ဆိတ်လို့ ပတ်ဝန်းကျင်က ငြိမ်ကျသွားမယ်။

ဘုရားရှင်က ဟောကြားခဲ့ပါတယ်၊ "ပုထုဇဉ်ရဲ့ သန္တာန်မှာ သပွတ်အူကဲ့သို့ ရှုပ်ထွေးနေတယ်" လို့ မှတ်ကြပါ။ အတွေးတွေကြောင့် ပညတ်တွေနဲ့ ရှုပ်ထွေးနေခြင်းဖြစ်တယ်။ အရိယာဖြစ်တဲ့ မြတ်သောပုဂ္ဂိုလ်မှာတော့ သစ္စာမြင်သွားတဲ့အခါမှာ ရင်ထဲရှင်းသွားပြီ၊ ပညတ်မလိုက်တော့ဘူး၊ နောက်တစ်ဆင့်ကတော့ ကိလေသာဇောတွေဖြတ်ချလိုက်တာဖြစ်တဲ့အတွက် မျက်လုံးကြောတွေ၊ ပုခုံးကြောတွေကအစ ကြွက်အသားအာရုံကြောတွေ လျော့ပြီး ရှင်းသွားမယ်၊ ကိလေသာဓာတ်ဖြစ်တဲ့ အာသဝမီးရှိရင်တော့ တင်းဖွဲ့မှုဖြစ်ပေါ်မယ်လို့ သဘောပေါက်ကြပါ။

ဆက်လက်ပြီးတော့ နံပါတ် (၄) အဖြေအတွက် သစ္စာအားဖြင့် လေ့လာကြမယ်ဆိုရင် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာအမှန်ဖြစ်ပါတယ်၊ လောင်တာသက်သက်ဖြစ်ပြီး ဘာမှသုံးလို့မရသလို ဆင်းရဲသက်သက် သန္တာပဋ္ဌမီးဖြစ်ပါတယ်။ ခန္ဓာငါးပါး၏ သဘောသည် လောင်ပြီး သူ့သဘောတရားက ချုပ်ငြိမ်းသွားခြင်းသာလျှင် အမှန်ဖြစ်တယ်လို့ နောက်ကကပ်လျှက်ဖြစ်ပေါ်တဲ့ နောက်စိတ်မှာ ဉာဏ်ဦးစီး၍

အမှန်မြင်နိုင်တဲ့အခါ ခန္ဓာငါးပါးကို ပိုင်းခြားသိခြင်းဖြစ်၍ "ပရိညေယျ" ဖြစ် ပါတယ်။ ပရိညာကိစ္စသည် ခန္ဓာငါးပါးသဘောကို အမှန်ပိုင်းခြားသိခြင်းခြင်း ဖြစ် ပါတယ်။ အမှန်ပိုင်းခြားသိမြင်တဲ့ ဉာဏ်လာနိုင်၍ အမြင်မှားတဲ့ ကိလေသာ မပေါ်

နိုင်တော့ဘူး၊ ပုထုဇဉ်ဘွေမှာတော့ နောက်စိတ်မှာ ကိလေသာအမှန်လာမဲ့ အချိန် ဖြစ်တယ်၊ အဲဒီအချိန်မှာ အမှန်သိတဲ့ဉာဏ်လာတဲ့အတွက် အထင်မှား၊ အမြင်မှား ကိလေသာ လာလို့မရတော့ဘူး၊ အမြင်မှန်က ကိလေသာနေရာကိုယူလိုက်တာ ဖြစ်၍ ကိလေသာကိုပယ်ပြီးသားဖြစ်တယ်လို့ ဆိုလိုရင်းဖြစ်တယ်၊ တွန်းဖယ်စရာ မလိုတော့တဲ့သဘော ဖြစ်ပါတယ်။ "မလာချုပ် လို့ ခေါ်ပါတယ်"။ မပေါ်နိုင်လို့ ချုပ်သွားတာဖြစ်၍ "မလာချုပ်" ဖြစ်ပါတယ်။ သူ့ကိုဖယ်ပြီးသားဖြစ်၍ "ပဟာတဗ္ဗ ကိစ္စ" ပယ်ပြီးသားဖြစ်သွားပြီလို့ သဘောပေါက်ကြပါ။

ရှုမှတ်ဆဲကာလမှာ ခန္ဓာရဲ့သဘောတရားကို ပိုင်းခြားသိမြင်တာ၊ ချုပ်တာ ကိုမြင်နိုင်တာက "သစ္ဆိကာတဗ္ဗ ကိစ္စ" ဖြစ်တယ်လို့ မှတ်ကြပါ။ အဲဒါကြောင့် ဉာဏ် တစ်ချက်ရှုမှတ်ပွားများအားထုတ်လုက်ရင် "သိ" ၊ "ပယ်" ၊ "ဆိုက်" ၊ "ပွား" "လေးပါးကိစ္စကို တစ်ချက်တည်းပြုရမယ် ငါ့ရှင်" ဆိုတဲ့ အဖြေကို သဘောပေါက် ကြပြီမဟုတ်လား၊ ဒီအချိန်မှာ စကားတွေမလာတော့ဘူး၊ နောက်ဆုံး ရှုမှတ်တဲ့အခါ မှာ အဝိဇ္ဇာ ၊ မာန၊ ပညတ်တောင် မလာတော့ဘူး၊ ဒါကြောင့် ရုပ်ပဲ၊ နာမ်ပဲ၊ သုခပဲ၊ ဒုက္ခပဲ လို့ မှတ်ထင်ဖို့အချိန်မရှိတဲ့အတွက် ရုပ်၊ နာမ်၊ သုခ၊ ဒုက္ခတွေ မလာတော့ ဘူး၊ "ရုပ်" ၊ "နာမ်" ၊ "သုခ" ၊ "ဒုက္ခ" တွေမှလွတ်ရမယ် ငါ့ရှင်" ဆိုတဲ့ အဖြေ အတွက် နားလည်ကြပြီလား၊ နံပါတ်လေးအဖြေက "သိ"၊ "ပယ်"၊ "ဆိုက်"၊ "ပွား" လေးပါးကိစ္စ တစ်ချက်တည်းပြု၍ "ရုပ်"၊ "နာမ်"၊ "သုခ"၊ "ဒုက္ခ" တို့မှ လွတ်ရမယ်၊ သစ္စာဉာဏ်ရလို့ အမှန်လွတ်မြောက်သွားတာဖြစ်တယ်၊ ဝိမုတ္တိ ဖြစ် သွားတယ်ဆိုတာ ဆုံးဖြတ်ချက်ချကြပါ။

ရှုမှတ်ဆဲမှာ ရုပ်လို့ထင်သေးရဲလား၊ နာမ်လို့ရောယူသေးလား၊ မထင်တော့ ဘူး၊ မယူတော့ဘူး၊ သုခကိုလည်း ရွတ်ဆိုခြင်းမရှိဘူး၊ ဒုက္ခကိုလည်း ရွတ်ဆိုခြင်း မရှိဘူး၊ ချုပ်ငြိမ်းတာပဲတွေ့နေခြင်းဖြစ်တယ်၊ ပညတ်လုံးဝမလာတော့တာ မှတ်သား ကြပါ။

လွတ်မြောက်သွားတာအမှန်ဖြစ်၍ ကျမ်းဂန်နဲ့ကိုက်ညီပြီလို့ သဘောပေါက်ကြပါ။ ထူးခြားချက် ဇောကျတာ ထူးခြားချက်ဖြစ်ပါတယ်၊ ပညတ်ခန္ဓာဖြစ်တဲ့ မျက်လုံးကြောတွေ၊ ကျောတွေ၊ ခြေတွေလက်တွေမှာ အကြောတွေပြေလျော့ကုန်တယ်၊ ဇောကျတဲ့အတွက် တင်းဖွဲ့မှုမရှိသလောက်ဖြစ်ပြီး ဖွဲ့စည်းပုံသည် ပြောင်းလဲသွားတယ်လို့ မှတ်ယူကြပါ။

ဇောကျပြီး ဖွဲ့စည်းပုံ မကြမ်းတမ်းတဲ့အတွက် နတ်ကဲ့သို့ဖြစ်သွားပြီလို့ မှတ်ပါ။ မသေခင်ကတည်းက ဓာတ်သတ္တိပြောင်းသွားတာဖြစ်တယ်လို့ သဘောပေါက်ကြပါ။ ဤကဲ့သို့ ရှုမှတ်ပွားများအားထုတ်နိုင်သော ပုဂ္ဂိုလ်များသည် လောကုတ္တရာမဂ်ကို ကူးနိုင်တယ်၊ မကူးနိုင်ဘူးတိုတာကို မသေချာဘူးလို့ ယူဆချင် ယူဆကြအုံး၊ ဘယ်နည်းနှင့်မျှ အပါယ်လေးပါးကို မကျနိုင်တာ သေချာတယ်လို့ မှတ်ကြပါ။ ဇော်ကျသွားတဲ့သူမှာ ကိလေသာဇောကလည်း များစွာလျှော့သွားပြီဖြစ်တယ်။ အမူအရာတွေက ငါ၊ ငါ့လက်၊ ငါ့ခြေ အထင်တွေအပြင် ရှေ့လုပ်ဖို့အမူအရာတွေ မပါလာတော့ဘူး၊ ငါ့အတွက် အနာဂတ်ဆိုတဲ့ အတွေးမရှိတော့ဘူး၊ အားစိုက်တဲ့ဇောလည်း မရှိတော့ဘူး၊ ဇောမရှိတော့ ဖွဲ့စည်းပုံမကြမ်းတမ်းတဲ့အတွက် သေခဲ့သော် နူးညံ့တဲ့ဇောနဲ့ ဘဝပြောင်းမယ်၊ နူးညံ့တဲ့ဇောကြောင့် တစ်ဖန်ပြန်ဖွဲ့ခဲ့ရင် နတ်ကဲ့သို့ နူးညံ့တဲ့ကိုယ်ဖြစ်မျာသေချာတဲ့အတွက် အထက်ဘုံမှာပဲဖြစ်တော့မယ်လို့ မှတ်ကြပါ။ အပါယ်လေးပါးကိုယ်လုံးမဖြစ်တော့ဘူး၊ အကြောတွေတင်းလို့ ဖွဲ့စည်းပုံအလွန်ကြမ်းတမ်းတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ ရုန်းကန်မှု၊ ကြမ်းတမ်းမှုတွေကြောင့် မေးတွေရှည်တဲ့ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝတွေဖြစ်ကြမယ်လို့ နားလည်ကြပါ။

သိ၊ ပယ်၊ ဆိုက်၊ ပွား သစ္စာလေးပါးတရားသည် မလွဲဧကန် အမှန်ပင် အပါယ်လေးပါးမကျသည့် တရားဖြစ်ပါတယ်လို့ ဆုံးဖြတ်ချက် ရဲရဲကြီးချကြပါ။ ဆုံးဖြတ်ချက်ချနိုင်သလို အမှန်တရား သစ္စာလေးပါးကို အမြန်ရလုံးသွင်းနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာပွားများအားထုတ်ကြပါလို့ တိုက်တွန်းအပ်ပါတယ်။

## ဆုတောင်းအမျှမေတ္တာပို့သခြင်း

ဤကဲ့သို့ မြတ်စွာဘုရားသခင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဥစ္စာ၊ ပြည်ရွာ၊ သားမယားနှင့် အင်္ဂါကြီးငယ်၊ အသက်ကိုပင် ပေးစွန့်၍ ဆယ်ပါးသော ပါရမီတော်တို့ကို ပြည့်စုံအောင်ဖြည့်ကျင့်ခဲ့သဖြင့် ရအပ်သော (၃၂)ပါးသော ယောက်ျားမြတ်လက္ခဏာတော်နှင့်တကွ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ဦးစွာ ဟောကြားသော ဓမ္မစကြာတရားတော်၏ အနှစ်သာရကို သဘောပေါက်အောင် နားခံမှတ်သား ပွားများကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် -

"ခန္ဓာငါးပါးဆိုတဲ့ "သိ" သဘောကို ဒုက္ခသစ္စာရယ်လို့ ရှင်းလင်းပြတ်သားစွာ ပိုင်းခြားသိမြင်နိုင်ကြပါစေ။"

"အာရုံ၊ ဒွါရ တိုက်တိုင်းတွင် ဖြစ်ပေါ်၍ လျှင်မြန်စွာချုပ်ငြိမ်းပြသော ထို "သိ" သဘော ခန္ဓာငါးပါး ပေါ်တိုင်းပေါ်တိုင်း မဂ်ဉာဏ်ဦးစီးသော နောက်စိတ်ဖြင့် "ရှေ့ဖြစ်ပျက်၊ နောက်ကမဂ်" ဆိုတဲ့စကားအတိုင်း မပြတ်မလတ် ရှုမှတ်နိုင်ကြပါစေ။

"မဂ်ဉာဏ်ဦးစီးသည့် စိတ်တို့ ကြိမ်ဖန်များစွာ ပွားများနိုင်လျှက် ကိလေသာကိုလည်း အကြွင်းမဲ့ ကုန်စင်အောင် ပယ်သတ်နိုင်ကြပါစေ"။

"ဒုက္ခသစ္စာ ခန္ဓာငါးပါး၏ ချုပ်ငြိမ်းရာ နိရောဓသဘောကိုလည်း ကာလသုံးပါးလွတ်လျှက် ရှင်းလင်းစွာ မျက်မှောက်ပြုနိုင်ကြပါစေ"။

"သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးသော ကိစ္စတို့ တစ်ချက်တည်းပြုလုပ်လောကုတ္တရာ မဂ်ဉာဏ်မှ အထက်မဂ်အဆင့်ဆင့်တက်၍ နောက်ဆုံး အရဟတ္တဖိုလ်တိုင်အောင် ပေါက်မြောက်ပြီး ဘဝမခြားပဲ ခန္ဓာဇာတ်သိမ်း၊ ငြိမ်းနိုင်ကြပါစေ။"

"ကျွန်ုပ်သည် မြတ်စွာဘုရားရှင် ဟောကြားဆုံးမတော်မူအပ်သော သစ္စာလေးပါးတရားကို ဒါယကာအပေါင်း သူတော်ကောင်းတို့သန္တာန်၌ သိမြင်အောင် ဟောပြောပြသရတဲ့ ဓမ္မဒါနကောင်းမှုကုသိုလ်ကို ပြုအပ်ပါပြီ"

“ဤ ဓမ္မဒါန ကောင်းမှုကို -

အလုံးစုံသော ပြဟ္မာမင်း၊ နတ်မင်းနှင့်တကွ

အလုံးစုံသော ပြဟ္မာနတ်လူ သတ္တဝါအပေါင်းတို့အား

အမျှပေးပါသည်။ အားလုံး အမျှ အမျှ အမျှ ယူကြပါကုန်လော့။

“ဝိဇ္ဇာဉာဏ်မြတ်၊ အလင်းခေတ်၊ လွှမ်းပတ်ကမ္ဘာ တည်ပါစေသော်”

အရှင်ဘဒ္ဒန္တ ဇေယျပဏ္ဍိတ
ပဓာန နာယက ဆရာတော်
မိုးညှင်းသိဂီကျောင်းတိုက်
အမှတ် (၁၆) ရပ်ကွက်
ဒဂုံမြို့သစ် (မြောက်ပိုင်း)

ရွှေဟင်္သာအောင်ဖွဲ့ဆက်

ဦးတင်ထူး + ဒေါ်စန်းစန်းအေး

သား မောင်အောင်ပြည့်

မောင်ဝင်းနေထွန်း

မောင်ဟိန်းထူး

မိသားစုမှ အမြတ်ဆုံးဒါနဖြစ်သည့် ဓမ္မဒါန

ပါရမီကုသိုလ်အား မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ရေး

အထောက်အပံ့အဖြစ် မတည် လှူဒါန်းပါသည်။